မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး သမိုင်းပေးတာဝန်ထမ်းဆောင်

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေး သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရာတွင် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံး၏ ရှင်သန်တက်ကြွသည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအားမာန်တို့ကို တိုးပွားစေလျက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲညီညီ အားသွန်ခွန်စိုက် တာဝန်ယူဖော်ဆောင်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲ တည်ခင်းညှော်ခံ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တို့နှင့်အတူ *စာမျက်နှာ ၄ ကော်လံ ၁* ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်နာယက ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော သံတမန်များနှင့် ၎င်းတို့၏ဇနီး၊ ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၅ရက်)

ဆည်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းများ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအကျိုးပြု

ပဲခူးတိုင်း၏ ပထဝီအနေအထားအရ ပဲခူးရိုးမ၏ တစ်ဖက်တစ်ချက်တွင် စစ်တောင်းမြစ်နှင့် မြစ်မခမြစ်တို့ စီးဆင်းလျက်ရှိရာ မြစ်ဝှမ်းတစ်လျှောက်၌ စိုက်ပျိုးမြေများစွာ ဖြစ်ပေါ်လျက်ရှိသည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ဇောင်းတူ၊ ရဲနွယ်၊ ပသိ ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည်။ ပသိ ရေအားလျှပ်စစ်စီမံကိန်းကို ဇန်နဝါရီလ ၂ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား နှစ်မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး လယ်မြေဧက ၃၀၀၀ ကို ဆည်ရေပေးဝေနိုင်မည် ဖြစ်သည်။

ပသိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ရှစ်သန်း ထုတ်လုပ်ပြီး ကရင်ပြည်နယ် သံတောင်ကြီးနှင့် သံတောင်သစ်တို့ကို အဓိကဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်သည်။

ထို့အတူ ကွန်းချောင်း ဘက်စုံစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀ ထုတ်ယူရရှိပြီး လယ်မြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။ စစ်တောင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင်ပါဝင်သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကိုလည်း တည်ဆောက်လျက်ရှိရာ အဆိုပါစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။ ပသိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ အပါအဝင် တစ်ပြိုင်တည်းတည်ဆောက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၅ခု ပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၄၀၀ ထပ်မံတိုးတက်ရရှိလာမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ရေသယံဇာတအရင်းအမြစ်များကို လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးသာမက ရေအားလျှပ်စစ် စီမံကိန်းများပါ တိုးမြှင့်ဖော်ဆောင်ပေးလျက် ရှိသည်။

သို့ဖြစ်ရာ ဆည်တမံများနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ သတ်မှတ်ချိန်ထက် စောစီးစွာ တည်ဆောက်ပြီးစီးလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးပြီး စားနပ်ရိက္ခာ ဖူလုံပိုလျှံမှုနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း အကျိုးပြုလာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်း အမှတ် ၃၆ နေ ဦးဘသန်း-ဒေါ်ခင်မေကြီး မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မြူနှင်းဝေဝေ** စိုးသူ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ**(အပိုင်း-၆)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	English FA Cup ဘောလုံးပွဲ Aston Villa Vs Manchester United (Live)

အနန္တစကြာဝဠာ ရာဇမုနိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း ပဲခူးမြို့နယ် ဒေးစွန်ပါဆံတော်ရှင် တောင်ခြေရင်းရှိ ကမ္ဘာလုံးခြံ၌ တည်ထားကိုးကွယ်လျက်ရှိသော အနန္တစကြာဝဠာ ရာဇမုနိစေတီတော်မြတ်ကြီးအား သုံးနှစ်ပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ၇ရက်တွင် အလှူရှင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်နီလာလမ်းနေ အရပ်ဝဲ ဆရာအောင်-ဒေါ်နှင်းရည်ကျော်၊ သား မောင်ဘုန်းပြည့်ကျော် မိသားစုက ဦးစီးကျင်းပမည်ဖြစ်သည်။ ပဋ္ဌာန်းရွတ်ပူဇော်ပွဲကို ဇန်နဝါရီ ၅ရက်နှင့် ၆ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ၇ရက်တွင် ပဲခူးမြို့နယ် (ဒေးစွန်ပါ)ရှိ ဘုန်းတော်ကြီးကျောင်း ၇၄ ကျောင်းတို့မှ သံဃာတော်အပါး ၂၀၀တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ စတုဒိသာကျွေးမွေးလှူဒါန်းကာ ညပိုင်းတွင် ပျော်ပွဲရွှင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။ (က-ပ)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတု အထိမ်းအမှတ် စာပေဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၄

နှင်းဆီကုန်းဘိုးဘွားရိပ်သာ တည်ထောင်သည့် (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ၁၂ရက် (စနေနေ့) နံနက်၁၁နာရီခွဲတွင် ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် နှင်းဆီးကုန်းဘိုးဘွားရိပ်သာ ဖြစ်ပေါ်လာပုံသမိုင်းနှင့်ပတ်သက်၍ နှင်းဆီရနံ့၊ သင်းပျံ့ထုံမွှေး၊ မွှေးလွန်းလေ ကဗျာရှည်ကို ရေးသားသီကုံး၍ ရိပ်သာသို့လှူဒါန်းသူ အမျိုးသားစာပေဆုရ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာကြီး ဒေါက်တာထီလာစစ်သူကလည်းကောင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာအပါအဝင် မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ပခုက္ကူမြို့များ၌ ဘိုးဘွားရိပ်သာငါးခုကို မိမိပိုင်ငွေကြေးပစ္စည်းတို့ဖြင့် စတင်တည်ထောင်သူ တိုင်းကျိုးပြည်ကျိုးဆောင်(တီပီအက်စ်)ဘွဲ့ရ မေတ္တာ၊ စေတနာ၊ ကရုဏာရှင် လူမှုဝန်ထမ်း အာဇာနည်အမျိုးသမီးကြီး အဘွားဒေါ်ဦးဇွန်းနှင့်ပတ်သက်၍ အဆိုပါ ရိပ်သာများသို့ ကိုယ်တိုင်သွားရောက်လေ့လာပြီး စာမူပိုင်ဆိုင်ခွင့်လှူဒါန်းသူ အမျိုးသားစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်ကလည်းကောင်း၊ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပျက်လုနီး နှင်းဆီကုန်းလူအိုရုံကို ပြန်လည်တည်ထောင်၍ ၃၅နှစ်တိုင် ရိပ်သာကြီးတိုးတက်စည်ပင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူ သတိုးသီရိသုဓမ္မ(မြန်မာ့အလင်း)ဦးတင်နှင့်ပတ်သက်၍ အတ္ထုပ္ပတ္တိရေးသားလှူဒါန်းသူ အမျိုးသားစာပေဆုရ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ကလည်းကောင်း ဟောပြောမည်ဖြစ်သည်။ နေရာကန့်သတ်မှုရှိပါသဖြင့် တက်ရောက်လိုသူများသည် ဖုန်း-၅၄၁၇၉၆ နှင့် ၅၄၁၇၉၇ တို့သို့ ဆက်သွယ်သတင်းပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အမှတ်၆၈/၁(ခ) ဦးမောင်မောင်ခြံလမ်း ကန်လမ်း လှိုင်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး သိန်းနိုင်(ငြိမ်း)-ဒေါ်ဖြူလေးဝေ မိသားစုက နှစ်(၄၀)မြောက် မင်္ဂလာနေ့ အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**"အနှိုင်းမဲ့မိး"** တရားတော် (အပိုင်း-၁) (ဆရာတော်အရှင်ဆန္ဒာဓိက)
၇း၅၀ - ၁း၅၀	နှစ်စဉ်မပျက်ဆင်ကာနွဲ့ မော်ကျွန်းမြို့ရဲ့စာတော်ပြန်ပွဲ
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	Yangon Panorama [Aroma (Wellness Shopping Centre) ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနား]
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	သပ်ရပ်လှပအကွက်ဆင် ပန်းတနော်သင်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	ကလေးတို့အတွက် လက်ဆောင်(ပန်းပွင့်ကလေး ခေါက်ကြရအောင်)
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	သူ၏အနုပညာနှင့် အလှသစ္စာတရား (စန္ဒရားလှထွတ်)
၁၁း၃၅ - ၅း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၂း၂၀ - ၆း၂၀	နိုင်ငံရပ်ခြား အတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာ အရသာ (ဂရိစတိုင်လ်)
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	Teens Star (စိုးပြည့်သဇင်နှင့် တွေ့ဆုံခြင်း)
၁း၀၀ - ၇း၀၀	MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Bristol-Middlebrough	ESPN(Live)
	Ipswich-Portsmouth	STAR Sports(Live)
၁၁း၄၀	Aston Villa-Man Utd	STAR Sports(Live)

5-1 (02) 1 1/5/08, 2:22 AM

မန္တလေးခရိုင်တရားပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ စိတ္တရမဟီရပ်ကွက် ဆုတောင်းရမြတ်စွာဘုရားဝင်းအတွင်း ဒီဇင်ဘာ၃၀ရက် ညဂ့နာရီက ဓမ္မသဘင်ကျင်းပရာ ဆရာတော် ဓမ္မဓရ အရှင်ကုမာရက ဗုဒ္ဓဟောကြားကံကောင်းခြင်းအထူးတရားကိုဟောကြားရာ အသင်းဝင်အင်အား၂၀၀၊ ရပ်ကွက်ပြည်သူလူထု ပရိသတ်၃၀၀ စုစုပေါင်းတရားနာ ပရိသတ် ၅၀၀တရားနာကြောင်း သိရသည်။

ထို့ပြင် ဇန်နဝါရီ၆ရက်(တနင်္ဂနွေနေ့) ညဂ့နာရီတွင် ဟေမာဇလရပ်ကွက် ဆုတောင်းပြည့်မြတ်စွာဘုရားဝင်းအတွင်းရှိ ရွှေကျောင်းတော်ဓမ္မာရုံကြီး၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဆရာတော် အရှင်ကုမာရက တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

သင်ပန်းကုန်းရပ်ကွက်

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ဒီဇင်ဘာ ၃၁ရက် ညဂ့နာရီ၁၅မိနစ်တွင် သင်ပန်းကုန်းရပ်ကွက်ရှိ ပြည်ကြီးမာန်အောင် ဓမ္မာရုံတွင် တရားပွဲကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ် သံဃနာယကအဖွဲ့အတွင်းရေးမှူး မန္တလေးတိုင်း သံဃာ့ဝန်ဆောင်မြို့နယ်သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဓမ္မကထိက သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဦးသြဘာသ (ပဏ္ဍိတ) ကုလသုတ္တနိဒ္ဒေသနာတရားတော်ဟောကြားရာ တရားနာပရိသတ် ၄၀၀ခန့် တရားနာယူပြီး စုစုပေါင်း အလှူငွေကျပ် ၈၆၃၀၀ အလှူခံရရှိသည်။

သံလျှက်မော်အနောက်ရပ်ကွက်

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ဒီဇင်ဘာ၃၁ရက် ညဂ့နာရီက သံလျှက်မော်အနောက်ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးရှေ့တွင် တရားပွဲကျင်းပရာ မဟာမြိုင်ကျောင်းတိုက် အောင်မေတ္တာကျောင်းဆရာတော် အရှင်ရာဇိန္ဒ (သာသနဓဇ ဓမ္မာစရိယ စာချနယ်လှည့်ဓမ္မကထိက)က အမြတ်ဆုံးတရားလေးပါး တရားတော်အား ဟောကြားချီးမြှင့်ပေးရာ ရပ်ကွက်နေ ပြည်သူလူထု အဘိုးအဘွားများ၊ အသင်းဝင်များ စုစုပေါင်းတရားနာပရိသတ် ၅၀၀ခန့် လာရောက်တရားနာကြသည်။

တံခွန်တိုင်ရပ်ကွက်

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ဇန်နဝါရီ၁ရက် ညနေ၆နာရီခွဲက တံခွန်တိုင်ရပ်ကွက် သဒ္ဓမ္မပါလဓမ္မာရုံ၌ ဓမ္မသဘင်ကျင်းပရာ မိုးထိအောင်စည် သာသနာ့ရိပ်သာ ဆရာတော် ဦးလာဘဝန္တ (ဓမ္မကထိက)က တရားဟောကြားချီးမြှင့်ပေးရာ တရားနာပရိသတ်၃၀၀ကျော် တရားနာယူကြပြီး အလှူငွေစုစုပေါင်း ကျပ်တစ်သိန်းငါးသောင်း အလှူခံရရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လွတ်လပ်ပင်စည် တည်စေမည်

မြန်မာ့လွတ်လပ်ရေး၊ သွေးချွေးရင်းတည်
သည်ပင်စည်မှ၊ စီရရီဆင့်
အထူးတင့်လျက်၊ ဖူးပွင့်ကိုယ်စီ
မြန်မာပြည်ကို၊ သာကြည်တင့်လွှင်
ပန်းဥယျာဉ်သို့၊ ယခုမြင်တွေ့နေရပြီ။
မြန်ပြည်တစ်လွှား၊ လမ်းတံတားတို့
ပန်းအလားသို့၊ သွားလာမပျက်
ကျေးလက်မြို့ရွာ၊ မကွာမဝေး
အနီးလေးမို့၊ သွေးသားချင်းတို့ဆုံကြပြီ။
မြန်ပြည်နှံ့ပြန့်၊ ဆည်တမံတို့
'ရေကန်အသင့်၊ ကြာအပွင့်သို့'
ရေမြင့်စေချင်၊ မြစ်ရေတင်တို့
ကောက်ပင်စပါး၊ ဝမ်းစာပွားအောင်
ရေရှားဒေသ၊ မကျန်ရတည့်
စိန်မြရံနှယ်၊ ရောင်စုံခြယ်သည်
လယ်ယာမြေကြီး၊ ရွှေငွေသီးသို့
အံ့ချီးဖွယ်ရာ၊ ပြည်မြန်မာတည့်
လယ်ယာခြေခံ၊ မှန်တော့သည်။
မြန်မာ့ရေမြေ၊ တိုက်တာတွေဖြင့်
ဒေသနှစ်ဆယ့်လေး၊ ကျေးလက်မကျန်
တိုးတက်ဟန်ကား၊ ပြည့်လျှံမောက်ဖြိုး
စက်မှုမျိုးလည်း၊ ပွံ့ပိုးစွမ်းအင်
လျှပ်စစ်ဝင်၍၊ ပြည်ခွင်မြန်မာ
စည်ပင်သာ၍၊ မဟာဥယျာဉ်ပမာတည်း။
လွတ်လပ်ရေးမှ၊ သွေးချွေးရင်းတည်
သည်ပင်စည်ကို၊ ပြည်သူတပ်မတော်
မြတ်အဖော်တို့၊ တူပျော်စည်းရုံး၊ ရာသက်လုံးတိုင်၊
မြဲခိုင်စောင့်ကြပ်၊ သတိချပ်မှ
လွတ်လပ်ပင်စည်၊ တည်မည်တည်း။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုလျက်–

တက္ကသိုလ်တင်၁

စိတ်၏ကျေးကျွန်နှင့် စိတ်၏သခင်

လူသားတို့နေ့စဉ်ပြုလုပ်နေကြသည့် အကြောင်းကိစ္စနှစ်ခုမှာ စိတ်၏ခိုင်းစေရာကိုပြုလုပ်ခြင်းနှင့် စိတ်ကိုခိုင်းစေခြင်းတို့ဖြစ်သည်။

စိတ်၏ကျေးကျွန်တို့သည် ပညာနည်းသူဖြစ်ပြီး စိတ်အလိုလိုက်လုပ်လေ့ရှိကာ ကိုယ်ကျင့်သီလလည်း မစောင့်ထိန်း၊ ပညာလည်းမရှာ၊ ရရှိထားသောဥစ္စာကိုလည်း သုံးဖြုန်းကြသူများဖြစ်သည်။ ၎င်းတို့သည် လောကီ၊ လောကုတ္တရာအကျိုး ဘာတစ်ခုမျှမရကြဘဲ ဒုက္ခဆင်းရဲတွင်းသို့ သက်ဆင်းကြရမည်ဖြစ်သည်။

စိတ်၏သခင်တို့သည် ပညာရှိသူများဖြစ်ပြီး စိတ်ကိုအလိုမလိုက်၊ စိတ်ကိုထိန်းချုပ်ပဲ့ကိုင်ကာ ပညာရှာချိန် ပညာရှာ၊ ဥစ္စာရှာချိန် ဥစ္စာရှာကြသူများဖြစ်သည်။ ၎င်းတို့သည် လူ့လောကကောင်းကျိုးအတွက် ကောင်းမှုမှန်သမျှကို လုပ်တတ်ကြသူများဖြစ်သောကြောင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးအမြတ်များကို ရရှိကြ၍ ကောင်းသော သုခကို ခံစားကြရမည်ဖြစ်သည်။

ဇန်နဝါရီ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ဖတ်ကြားစဉ်။

(မြန်မာ့အလင်း)

ဇန်နဝါရီ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ဖတ်ကြားစဉ်။

(၁၂၃)

ဇန်နဝါရီ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ရန်ကင်းမြို့နယ် ဆရာအတတ်သင်ကျောင်းခန်းမတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖတ်ကြားစဉ်။

(က–ပ)

ဇန်နဝါရီ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို အလုံမြို့နယ်ခန်းမတွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားစဉ်။

(က–ပ)

ဇန်နဝါရီ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို စမ်းချောင်းမြို့နယ် အထက(၄)ခန်းမတွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက ဖတ်ကြားစဉ်။

(၁၀၃)

✡ ရှေ့ဖုံးမှ

အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော သံတမန်များနှင့် ၎င်းတို့၏ဇနီးနှင့် ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်

အဆိုပါ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးနှင့် ခင်ပွန်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်း ဒေသညှိနှိုင်းရေးမှူးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့်ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ညှော်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော သံတမန်များနှင့် ၎င်းတို့၏ဇနီးနှင့် ခင်ပွန်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အလံတင်တပ်စုက ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပသည်။

အင်အား ၅၀၀၀ ကျော်

ထို့နောက် ၂၀၀၈ခုနှစ် နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များနှင့် မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ ပါဝင်သော စုစုပေါင်းအင်အား ၅၀၀၀ ကျော်တို့သည် နံနက်၆နာရီမှစတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

တက်ရောက်

ထို့အတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့အသီးသီးတို့မှ အရာရှိ စစ်သည်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ တိုင်းရင်းသားတိုင်းရင်းသူများလည်း တက်ရောက်ကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့သည် ပြည်သူ့ လွှတ်တော်ဝင်းအတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်နေရာ၌ နေရာယူသည်။

နေရာယူ

ထို့နောက် ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူသည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအားအလေးပြု၍ သစ္စာအဓိဋ္ဌာန်လေးချက်ကိုရွတ်ဆိုသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တန့်ကြည်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်) (၂၉)ကြိမ်မြောက် အဓိဋ္ဌာန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တန့်ကြည်တောင် ဆရာတော်ကြီးသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးရှိ တန့်ကြည်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)၌ ဝိပဿနာတရားသုံးပတ် ဟောကြားပြသမည်ဖြစ်သည်။

ပထမပတ်အဓိဋ္ဌာန်ပွဲကို ဇန်နဝါရီ ၁၁ ရက် ညနေမှ ၁၈ ရက် နံနက်အထိ၊ဒုတိယပတ်ပွဲကို ၁၈ ရက် ညနေမှ ၂၅ ရက် နံနက်အထိ၊ တတိယပတ်ကို ၂၅ ရက် ညနေမှ ဖေဖော်ဝါရီ ၁ ရက် နံနက်အထိ ဟောကြားပြသမည် ဖြစ်သည်။ တရားအားထုတ်လိုသူများသည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း–၆၃၈၀၈၈ နှင့် အဖွဲ့ဝင်များထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

စာအောင်ဆုနှင်းပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၆ ရှိ ဓမ္မဇျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၌(၁၈)ကြိမ်မြောက် အဘိဓမ္မာ၊အဘိဓမ္မာ (ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်စာအောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲကို ဇန်နဝါရီ ၈ ရက် (အင်္ဂါနေ့) ကရင်နှစ်သစ်ကူးနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆုရစာအောင်ပုဂ္ဂိုလ်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၁/၂၀၀၈

၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်–

(ယမန်နေ့ကအဆက်)

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁၈။ ဘဒ္ဒန္တစန္ဒောဘာသ ဓမ္မရက္ခိတပရိယတ္တိစာသင်တိုက်၊ စက်ကုန်းပိုင်းရပ်ကွက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း။

၁၉။ ဘဒ္ဒန္တပဝရ ခင်တန်းကျောင်းပရိယတ္တိစာသင်တိုက်၊ မြို့မ(၅) ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း။

၂၀။ ဘဒ္ဒန္တဝိသုဒ္ဓသိရီ ကျောက်တွင်းကုန်းသိပ္ပံစာသင်တိုက်၊ မြို့သစ်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၁။ ဘဒ္ဒန္တဉာဏိန္ဒ ဒက္ခိဏာရုံစာသင်တိုက်၊ ဖြူးအရှေ့အုပ်စု၊ ဖြူးမြို့၊ ပဲခူးတိုင်း။

၂၂။ ဘဒ္ဒန္တနိမ္မလ စိတ္တသုခ ပရိယတ္တိစာသင်တိုက်၊ ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်း။

၂၃။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ ကန်ကလေးတောရ ရွှေကျင်ကျောင်းတိုက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်း။

၂၄။ ဘဒ္ဒန္တဇက ပညာဇောတာရုံကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂၅။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာဂန္ထဝင်ကျောင်းတိုက်၊ အုန်းတောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂၆။ ဘဒ္ဒန္တစိတ္တရ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း။

၂၇။ ဘဒ္ဒန္တကေလာသ ဗီးတော်ပင်အရှေ့ကျောင်းတိုက်၊ ဗီးတော်ပင်ကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တတေဇနိယာဘိဝံသ ပုဂံရင်သွေးရွှေမြနန္ဒာကျောင်း၊ တံခွန်တိုင်မြောက်ဥယျာဉ်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တပုည မြစ်ဆုံကြီးစာသင်တိုက်၊ ကူမဲမြို့၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တဝိလာသ ကန်ဦးပရိယတ္တိစာသင်တိုက်၊ ရေဆင်း၊ နေပြည်တော် ပျဉ်းမနား။

၃၁။ ဘဒ္ဒန္တကုမာရ သရက်တော ပရိယတ္တိစာသင်တိုက်၊ အေလာမြို့၊ နေပြည်တော် လယ်ဝေး။

၃၂။ ဘဒ္ဒန္တသောဘိတ ပထမကျော်ဓမ္မာစရိယတိုက်သစ်၊ ဝန်ဇင်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၃၃။ ဘဒ္ဒန္တစန္ဒောဘာသ ဇောတိကာရုံကျောင်းတိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃၄။ ဘဒ္ဒန္တသီဟရာဇာ ပုပ္ဖာရာမပေါ်တော်မူစာသင်တိုက်၊ မြို့မ(၁)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၃၅။ ဘဒ္ဒန္တကောဝိဒ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယသင်တန်းကျောင်း၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်။

၃၆။ ဘဒ္ဒန္တဝါယမ သုခကာရီပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃၇။ ဘဒ္ဒန္တဝိဇယ ဓမ္မနိမ္မိတာရုံစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ရမ်းဗြဲမြို့၊ ရခိုင်ပြည်နယ်။

၃၈။ ဘဒ္ဒန္တအရိယဝံသ ဓမ္မရက္ခိတပရိယတ္တိစာသင်တိုက်၊ ညောင်ချောင်းကျေးရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်။

၃၉။ ဘဒ္ဒန္တသုဇာတာလင်္ကာရ သာသနာ့ပါရဂူစာသင်တိုက်၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တဝိလာသ ဗီးဖြူကုန်း ပရိယတ္တိစာသင်တိုက်၊ ဒါးပိန်တောင်ရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တပညာစက္ကာဘိဝံသ ကျိုက္ကစံရွှေကျင်တိုက်သစ်၊ ကျိုက္ကစံအနောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တသုန္ဒရ ပဏ္ဍိတာရာမစာသင်တိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဘဒ္ဒန္တဥတ္တမသာရ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ အိုးဘိုရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း။

၄၄။ ဘဒ္ဒန္တဂါရဝါဘိဝံသ မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၄၅။ ဘဒ္ဒန္တဝါယာမ ရှမ်းပိဋကတ်စာသင်တိုက်၊ စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၆။ ဘဒ္ဒန္တကလျာဏ မြို့မပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၄၇။ ဘဒ္ဒန္တဥက္ကဋ္ဌာဘိဝံသ ဓမ္မာရုံပရိယတ္တိစာသင်တိုက်၊ ခြောက်ရွာကျေးရွာ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။

၄၈။ ဘဒ္ဒန္တဝါယာမာဘိဝံသ ပရိယတ္တိဝဲပုံစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်း။

၄၉။ ဘဒ္ဒန္တပညာဇောတ မဟာဗုဒ္ဓါရာမဝိဟာရကျောင်းတိုက်၊ ရေလဲကလေးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

၅၀။ ဘဒ္ဒန္တဓမ္မသာမိ ရွာလယ်ကျောင်းသစ်စာသင်တိုက်၊ ရွာလယ်ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်း။

၅၁။ ဘဒ္ဒန္တသုန္ဒရ ရွှေလှေစာသင်တိုက်၊ ရွှေတောင်မှော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

၅၂။ ဘဒ္ဒန္တဓမ္မာလောက ကိုးတောင်ပြည့်ပရိယတ္တိစာသင်တိုက်၊ ယုန်သလင်းရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၅၃။ ဒေါ်ဣန္ဒသိရီ တောင်ပေါ်ကျောင်းတိုက်၊ ဗုဒ္ဓရိပ်သာချောင်၊ အမှတ်(၇)ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်း။

၅၄။ ဒေါ်ဣန္ဒသီဂီ သာသနာ့ဗိမာန်ချောင်၊ ရှင်ဖြူရှင်လှရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅၅။ ဒေါ်ကုလဉာဏီ သဒ္ဓမ္မပါလသီလရှင်စာသင်တိုက်၊ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိယဝံသ မြို့မပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

၂။ ဘဒ္ဒန္တနာဂဝံသ စက်ဆန်းကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တဓမ္မိက ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆူးလေကုန်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တတေဇာနန္ဒ ရတနာ့ဗိမာန် ထူပါရုံရွှေကျောင်းတိုက်၊ မင်းလမ်းရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တဓမ္မပ္ပိယာလင်္ကာရ လေးကျွန်းမြေအုဋ္ဌကျောင်း၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တစန္ဒဝံသစန္ဒဝတ် အရှေ့ကျောင်းတိုက်၊ စန္ဒဝတ်ရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။

၇။ ဘဒ္ဒန္တဉာဏဒဿန ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။

၈။ ဘဒ္ဒန္တကေသရ ဗောဓိရတနာစာသင်တိုက်၊ ညောင်ပင်ကြီးကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တတေဇဓမ္မ ရတနာ့ရောင်ကြည်စာသင်တိုက်၊ ကတွင်းခြံကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

၁၀။ ဘဒ္ဒန္တတေဇနိယ ရွာလယ်တိုက်ကျောင်း၊ အခြေပြုပရိယတ္တိ စာသင်တိုက်၊ ဇကရာဇ်ကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း။

၁၁။ ဘဒ္ဒန္တကဝိန္ဒာဘိဝံသ မဟာကလျာဏီသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၂။ ဘဒ္ဒန္တပညာဝံသ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တထေရပ္ပိယ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၄။ ဘဒ္ဒန္တသာသန ကန်တော်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ သရက်တောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၅။ ဘဒ္ဒန္တကုမာရ မဟာဝိသုတာရာမတိုက်သစ်၊ စလင်းမြို့၊ မကွေးတိုင်း။

၁၆။ ဘဒ္ဒန္တဉာဏိကဝရ ဇေယျာအောင်မြင် ပရိယတ္တိစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တသံဝရ ပစ္ဆိမာရုံစာသင်တိုက်၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တသုနန္ဒ မဏိဇောတိကာရုံပရိယတ္တိစာသင်တိုက်၊ ရွာသစ်ကုန်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တပညိန္ဒ ချောင်းဒေါင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၂၀)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တသူရိယ ဥသျှစ်ကုန်းကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တဉာဏိဿရ ဗဟိုမြို့မကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်း။

၂၂။ ဘဒ္ဒန္တယောသိတ မင်းကုန်းကျောင်းတိုက်၊ မင်းကုန်းရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တပဏ္ဍိတ တန့်ကြည့်တောင်ပုဂံကျောင်းတိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တသောဘိတ သာသနဇောတိကာရုံစာသင်တိုက်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တခေမိန္ဒ မူလသစ်ဆိမ့်ကျောင်းတိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တတေဇောသာရ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက်၊ ညောင်သုံးပင်ရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တဝဏ္ဏာရဟ မဟာဇနကစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ နေပြည်တော် တပ်ကုန်း။

၂၈။ ဘဒ္ဒန္တပညာဇောတ ပခန်းကျောင်း၊ မဟာဝိသုတာရာမတိုက်၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တကုမာရ ကန်ဦးပရိယတ္တိစာသင်တိုက်၊ ဂေါင်းဦးဘာရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တခေမာစာရ သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၃၁။ ဘဒ္ဒန္တဉာဏိက ဓမ္မာလင်္ကာရ ရေအေးလျှပ်စစ်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁) သာယာအေးရပ်၊ သာစည်မြို့၊ မန္တလေးတိုင်း။

၃၂။ ဘဒ္ဒန္တသာသန အဘယသုတာရာမစာသင်တိုက်၊ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃၃။ ဘဒ္ဒန္တဇာနေယျ ဘေးမဲ့ညောင်ဝိုင်း ပရိယတ္တိစာသင်တိုက်၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၃၄။ ဘဒ္ဒန္တဇနိတ ဆူးခါးပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၅။ ဘဒ္ဒန္တရေဝတ အကျော်ပရိယတ္တိစာသင်တိုက်၊ ၃–ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ဘဒ္ဒန္တပညာစာရ ဘုရားကြီးကျောင်းစာသင်တိုက်၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဘဒ္ဒန္တကုသလ နမူနာစံကျောင်း ကျောင်းတော်ရာရွှေကျင်တိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဘဒ္ဒန္တပညာသိရီ အောင်ဓမ္မဇေယျံစာသင်တိုက်၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တဇောတိက ပဒံပရိယတ္တိစာသင်တိုက်၊ အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တနန္ဒာစရိယ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ အိုးဘိုရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တဣဒ္ဓိလင်္ကာရ ဇေယျာသုခစာသင်တိုက်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တသုဇန ဖွံ့ဖြိုးရေးပရိယတ္တိစာသင်တိုက်၊ ၈၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဘဒ္ဒန္တဥတ္တမာနန္ဒ သာသနဝေပုလ္လဗောဓိကုန်းကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ကလောမြို့၊ ရှမ်းပြည်နယ်။

၄၄။ ဘဒ္ဒန္တဂုဏောဘာသ ဇဝနာရာမစာသင်တိုက်၊ မြကန်သာရပ်ကွက်၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်။

၄၅။ ဘဒ္ဒန္တဣန္ဒာစာရ မဟာဝိဟာရကျောင်းကြီးကျောင်းတိုက်၊ မြို့ဦးရပ်ကွက်၊ လင်းခေးမြို့၊ ရှမ်းပြည်နယ်။

၄၆။ ဘဒ္ဒန္တဝါသေဋ္ဌ စိတ္တသုခ စမ်းချောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်။

၄၇။ ဘဒ္ဒန္တကောဝိဒါစာရာဘိပါလ မွေတော်ပရိယတ္တိစာသင်တိုက်၊ အနောက်ရပ်ကွက်၊ မိုင်းပန်မြို့၊ ရှမ်းပြည်နယ်။

၄၈။ ဘဒ္ဒန္တမဟောသဓာလင်္ကာရာဘိဝံသ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၉။ ဘဒ္ဒန္တပဏ္ဍိတ နာမ်မိန်းပရိယတ္တိစာသင်တိုက်၊ နောင်ပိန်ကျေးရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၅၀။ ဘဒ္ဒန္တကောလိယ ကန်မိန်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၅၁။ ဘဒ္ဒန္တသီဟဝံသ သာသနဝိပုလပရိယတ္တိစာသင်တိုက်၊ အောင်မေတ္တာရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၅၂။ ဘဒ္ဒန္တဉာဏဓဇ မြို့မစာသင်တိုက်၊ မြို့မရပ်ကွက်၊ မဘိမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၅၃။ ဘဒ္ဒန္တဝိမလာစိဏ္ဏ သပြေပင်ပရိယတ္တိစာသင်တိုက်၊ တောင်နီလေးရွာ၊ မြန်အောင်မြို့နယ်၊ ဧရာဝတီတိုင်း။

၅၄။ ဘဒ္ဒန္တတေဇနိယ တပ်ဦးပရိယတ္တိစာသင်တိုက်၊ ဝါးယားချောင်းရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်း။

၅၅။ ဘဒ္ဒန္တကောဝိဒ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၅၆။ ဘဒ္ဒန္တစန္ဒာသဘာဘိဝံသ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

၅၇။ ဘဒ္ဒန္တကဝိသာရ လယ်ယာပရိယတ္တိစာသင်တိုက်၊ ရွာသစ်ရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်း။

၅၈။ ဘဒ္ဒန္တဝိသုဒ္ဓဉာဏ ညောင်ငူပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်း။

၅၉။ ဘဒ္ဒန္တဇောတိကာဘိဝံသ သာသနဝေပုလ္လကျောင်း၊ ဆိတ်ကြီးစုကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၆၀။ ဒေါ်ဥမ္မာရီ ရတနာသိင်္ဃဥမ္မာရာမသီလရှင်စာသင်တိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၆၁။ ဒေါ်ဓမ္မထေရီ မဟာလယ်တီဓမ္မေသကသီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၆၂။ ဒေါ်ဝိစာရီ နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၆၃။ ဒေါ်ဂုဏထေရီ ရတနာမာန်အောင်တောရကျောင်းတိုက်၊ ရွာဘဲရပ်ကွက် ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၆၄။ ဒေါ်နန္ဒာရီ သဒ္ဓမ္မရောင်ခြည်ကျောင်း၊ ဆံတော်ရှင်းတိုက်၊ တံခွန်တိုင်ဥယျာဉ်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၆၅။ ဒေါ်ဝိသုဒ္ဓီ အမတသုခသီလရှင်စာသင်တိုက်၊ တအုံကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။

၆၆။ ဒေါ်ပရမသိင်္ဃီ မြပုဏ္ဏမာသီလရှင်စာသင်တိုက်၊ ရေကျော်ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်း။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏ တောင်မော့သာသနာပြုဌာန၊ ကုန်းသာကျေးရွာ၊ လှိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၂။ ဘဒ္ဒန္တဝိလာသ ဝါးကြီးကွေ့ကျောင်းတိုက်၊ ဆွာမြို့၊ ရေတာရှည်မြို့နယ် ပဲခူးတိုင်း။

၃။ ဘဒ္ဒန္တသာသနာဘိဝံသ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တကောဝိဒ ပါဠိတက္ကသိုလ်၊ ရေလယ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တဝါသဝ မြကျောင်နာယကကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၆။ ဘဒ္ဒန္တပဏ္ဍိတ မဟာဘုံစံကျောင်း အောင်မြေချမ်းသာရ ကျောင်းတိုက်၊ ကနိကျေးရွာ၊ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။ **(ဆက်လက်ဖော်ပြပါမည်။)**

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ် ၂/၂၀၀၈

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

ယမန်နေ့ကအဆက်

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၂၈။ ဦးဇော်ဟိန်း စက်ရုံမှူး၊ သဘော်ာဆေးစက်ရုံ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၉။ ဦးအေးကျော် အလုပ်ရုံခွဲမှူး(စီမံရေး)၊ ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၃၀။ ဦးတင်လှိုင် အလုပ်ရုံစိတ်မှူး၊ စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၃၁။ ဦးမောင်ဌေး မန်နေဂျာ၊ အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)၊ မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၃၂။ ဦးကိုကို အင်ဂျင်နီယာမှူး(လွှန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၃၃။ ဦးအေးကို အငယ်တန်းအင်ဂျင်နီယာ(၁)(လွှန်တူး)၊ ဘူမိဗေဒ လေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၃၄။ ဦးဝင်းမော် ကျွမ်းကျင်သူ၊ ဝန်ကြီးရုံး ပြန်ကြားရေးဝန်ကြီးဌာန။

၃၅။ ဦးစိုးဝင်းမောင် အမှုဆောင်အင်ဂျင်နီယာ(ခ)(ဆောက်လုပ်ရေး)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဇီးဖြူတောင်ရေနံအစမ်းတွင်းစခန်း၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။

၃၆။ ဦးခင်မောင်ဌေး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃၇။ ဦးနေမျိုးဝင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊အမှတ်(၂)တည်ဆောက်ရေး၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃၈။ ဒေါ်တင်မြင့် ဒုတိယအင်ဂျင်နီယာချုပ်၊ စီမံကိန်းညွှန်ကြားရေးမှူး၊ အထူးဖွံ့ဖြိုးရေးစီမံကိန်း(အလယ်ပိုင်း)၊ နေပြည်တော် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

၃၉။ ဦးမြညွှန့် အလုပ်ရုံမှူး၊ ပုံဖိပုံထောင်းအလုပ်ရုံ၊ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ စစ်ကိုင်းတိုင်း။

၄၀။ ဦးကျော်စိုးဝင်း၊ ကျော်သစ္စာ လယ်ယာသုံးစက်ပစ္စည်းမျိုးစုံနှင့် သံနန်းဆွဲစက်မှုလုပ်ငန်း၊ အမှတ်၁၃၉၊ (၄)လမ်းမကြီး၊ အမှတ်(၇)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။

၄၁။ ဦးမောင်မောင်ဝင်း ဝင်းမိသားစုဆန်စက်၊ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားနှင့် စပါးအခြောက်ခံစက်၊ အမှတ်(စီ–ဂ) နဝရတ်လမ်း၊ ဘုရားချောင်းစက်မှုဇုန်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။

၄၂။ ဦးဇော်မျိုးကြည် မြသီတာဆန်စက်၊ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားနှင့် စပါးအခြောက်ခံစက်၊ အမှတ်၁၅၊(၅)လမ်း၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။

၄၃။ ဦးကိုကိုနိုင် မနောသုခဆန်စက် ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဗိုလ်မှူးကြီးကျော်ကျော်ဝင်း ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး။

၂။ ဗိုလ်မှူးကြီးသန့်ရှင်း ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး။

၃။ ကြည်း ၁၄၀၀၁ ဗိုလ်ချုပ်လှရွှေ တွဲဖက်စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄။ ကြည်း ၁၃၀၈၅ ဗိုလ်ချုပ်ခင်မောင်ထွန်း တွဲဖက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅။ ကြည်း ၁၂၇၅၆ ဗိုလ်ချုပ်ထင်အောင်ကျော် တွဲဖက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆။ ဦးအုန်းသန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၇။ ဦးသိန်းအောင် ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၈။ ဦးညွှန့်အောင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၉။ ဦးအေးမောက် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၀။ ဦးအောင်ကြည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၁၁။ ဒေါ်မျိုးနွယ် ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၁၂။ ဦးအုန်းကျော် ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၁၃။ ဦးအောင်မျိုး ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၁၄။ ဦးဆန်းထွန်း ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၁၅။ ဦးလှမိုး ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန် သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန။

၁၆။ ဦးတင်ဦးလွင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကိုလံဘိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၁၇။ ဦးအောင်ခင်စိုး သံအမတ်ကြီး၊ မြန်မာသံရုံး၊ ခတ္တမန္ဒူမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၁၈။ ဦးစိုးနွယ် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၁၉။ ဦးညွှန့်လှိုင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၂၀။ ဦးမင်းသိန်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ မော်စကိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၂၁။ ဦးအောင်သိမ်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဟန္ဓိုင်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၂၂။ ဦးကျော်ကျော် ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၂၃။ ကြည်း ၁၃၉၀၁ ဗိုလ်မှူးချုပ်ခင်ရီ ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၄။ စ/၀၀၀၁ ဦးအောင်စောဝင်း ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၅။ က/၃၆၆၃ ဦးဇော်ဝင်း ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၆။ ဒေါက်တာကိုကိုဦး ညွှန်ကြားရေးမှူးချုပ်၊ အဏုမြူစွမ်းအင် ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၂၇။ ဒေါက်တာနီလာသိန်း ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန။

၂၈။ ဦးမောင်မောင်ခင် ပါမောက္ခချုပ်၊ မန္တလေး အဝေးသင်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၂၉။ ဒေါက်တာတင်ဝင်းမောင် ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၃၀။ ဒေါက်တာသန်းမြင့် ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၃၁။ ဒေါက်တာထွန်းနိုင်ဦး ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ကျန်းမာရေးဝန်ကြီးဌာန။

၃၂။ ဒေါက်တာသိန်းထွန်း ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၃၃။ ဦးမောင်မောင်သန်း ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးတင်ဝင်း ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (မန္တလေး)။

၂။ ဒေါ်အေးအေးကြည်သက် ညွှန်ကြားရေးမှူး၊ ထောက်ပံ့ရေးနှင့် ငွေစာရင်းဌာန၊ တရားရုံးချုပ် (နေပြည်တော်)။

၃။ ဦးဝင်းမြင့် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး (နေပြည်တော်)။

၄။ ဒေါ်အေးအေးကြည် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး(နေပြည်တော်)။

၅။ ကြည်း၁၃၀၇၃ ဗိုလ်မှူးကြီးကျော်ညွှန့် ဒုတိယညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆။ ရေ ၃၃၄၂ ဗိုလ်မှူးကြီးမြင့်ထွန်း (စစ်ဦးစီး) စက်မှုလက်မှုအရာရှိချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၇။ ဦးအောင်တင်မြင့် ဒုတိယညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၈။ ဒေါ်တင်မြင့်ဦး ညွှန်ကြားရေးမှူး(ကုန်ကြမ်း)၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၉။ ဒေါ်ခင်မူမူ အထွေထွေမန်နေဂျာ (ကုန်ထုတ်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၀။ ဒေါက်တာမောင်မောင် စက်ရုံမှူး၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၁။ ဒေါက်တာမြင့်စိန် စက်ရုံမှူး၊ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၂။ ဦးထင်ကျော် စက်ရုံမှူး၊ ပန်းကန်နှင့် ကြွေပြားစက်ရုံ (သာယာဝတီ)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊

၁၃။ ဦးအောင်သိန်းမြင့် စက်ရုံမှူး၊ သရက်ဘိလပ်မြေစက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၁၄။ ဦးဇော်ဝင်း စက်ရုံမှူး၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၁၅။ ဦးခင်မောင်ဘ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဝန်ကြီးရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၁၆။ ဒေါ်လဲ့လဲ့သိန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၁၇။ ဦးခင်မောင်ဇော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

၁၈။ ဦးကျော်ဇော ဒုတိယညွှန်ကြားရေးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတက်မှုဝန်ကြီးဌာန။

၁၉။ ဦးအေးကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၂၀။ ဒေါ်ဥမ္မာစိန် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

၂၁။ ဦးစောဦး အထွေထွေမန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန။

၂၂။ ဦးသန့်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၂၃။ ဦးမင်းလွင် ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန။

၂၄။ လ–၁၆၆၅ ရဲမှူးချုပ်ဇော်ဝင်း ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၅။ လ–၁၆၆၈ ရဲမှူးချုပ်ခင်မောင်စီ ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၆။ လ–၁၆၅၄ ရဲမှူးချုပ်စိုးဝင်းမြင့် ရဲရေးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၇။ လ–၁၆၁၁ ရဲမှူးချုပ်ဝင်းစိုး ရဲထောက်ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၈။ လ–၁၆၅၆ ရဲမှူးချုပ်သန်းဟန် ကွပ်ကဲရေးမှူး၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၉။ လ–၁၅၁၆ ရဲမှူးချုပ်မြင့်သိန်း သတင်းတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၀။ လ–၁၆၃၇ ရဲမှူးချုပ်သိန်းတင့် ကျောင်းအုပ်ကြီး၊ ရဲဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၁။ လ–၅၆၁၄၁ ရဲမှူးကြီးစစ်အေး ဌာနမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၂။ လ–၅၆၄၆၆ ရဲမှူးကြီးအုန်းမြင့် ဒုတိယမှုခင်းတပ်ဖွဲ့မှူး၊ မှုခင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၃။ ဦးခင်မောင်သိန်း(ပ/၄၇၂၃) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၄။ စ/၀၀၀၂ ဦးရဲမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၅။ က/၃၅၆၅ ဦးဇော်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၆။ ဦးဝင်းသောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၇။ ဦးတင့်ဆွေ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

၃၈။ ဦးအောင်ထွန်းခိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၃၉။ ဒေါက်တာကေသီလွင် ဒုတိယပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

၄၀။ ဦးအောင်မြင့် ဒုတိယပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၁။ ဦးသန်းနွယ် ဒုတိယပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၂။ ဦးတင်အောင် ဒုတိယကျောင်းအုပ်ကြီး၊ ဗန်းမော်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၄၃။ ဒေါက်တာကျော်မင်း ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန။

၄၄။ ဦးအောင်မြတ်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ် (တတိယဆင့်)

၁။ ဦးစိန်လင်း တိုင်းတရားသူကြီး၊ တိုင်းတရားရုံး၊ ပဲခူးတိုင်း(အနောက်ပိုင်း) တရားရုံးချုပ်။

၂။ ဒေါ်လွင်လွင်အေးကျော် တွဲဖက်ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ်(ရန်ကုန်)။

၃။ ဒေါ်မော်မော်အေး ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး၊ (နေပြည်တော်)

၄။ ဦးကျော်ဝင်းဟန် ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၅။ ဦးဝင်း ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၆။ ဦးဇော်မိုးဝင်း ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၇။ ဦးမြလွင် ဌာနမှူး(စီမံခန့်ခွဲရေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၈။ ဦးထွန်းအောင်ကျော် ဒုတိယညွှန်ကြားရေးမှူး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး။

၉။ ကြည်း ၁၆၈၀၉ ဒုတိယဗိုလ်မှူးကြီးအောင်မော် တပ်ရင်းမှူး၊ အမှတ်(၁၁) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၀။ ကြည်း ၁၇၀၉၅ ဒုတိယဗိုလ်မှူးကြီးအောင်ညွှန့် တပ်ရင်းမှူး၊ အမှတ်(၁) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၁။ ဦးဝင်းမောင် ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၂။ ဦးခွန်အေးနိုင် ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၃။ ဦးသိန်းဌေး လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၁၄။ ဦးခင်ဇော်(၂) ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။ **(ဆက်လက်ဖော်ပြပါမည်။)**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် အသစ်တည်ဆောက်ထားသော ခေတ်မီ ရတနာပုံ တယ်လီပို့အဆောက်အအုံသစ်၏ ခံ့ညားထည်ဝါမှု။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အမည်	တည်နေရာ	ဖွင့်လှစ်သည့်နေ့
၁	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်၊	၁၆-၃-၂၀၀၇
၂	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	မန္တလေးတိုင်း မြစ်သားမြို့နယ်၊	၂၃-၃-၂၀၀၇
၃	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊	၁-၄-၂၀၀၇
၄	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	နေပြည်တော် လယ်ဝေး	၁၈-၅-၂၀၀၇
၅	ရတနာပုံတယ်လီပို့	မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်၊	၁၄-၁၂-၂၀၀၇
၆	ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်	မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်း၊	၁၈-၁၂-၂၀၀၇
၇	ပဒေသာဆက်သွယ်ရေးစခန်း (စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်း) စခန်းသစ်	မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၊	၁၈-၁၂-၂၀၀၇

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပဒေသာဆက်သွယ်ရေးစခန်း ဒီဂျစ်တယ်အီလက်ထရွန်နစ် အော်တိုအိတ်ချိန်းသစ်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမှတ်တမ်း



ပြည်တွင်းပြည်ပသို့ ဆက်သွယ်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုနှင့် ပြည်တွင်း မိုဘိုင်းလ် ဆက်သွယ်မှု အင်တင်နာများကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မွန်ပြည်နယ် ကျိုက္ခမီမြို့တွင်တည်ဆောက်ထားသည့် အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်းက ပြည်နယ်နှင့်တိုင်းများရှိ တိုင်းရင်းသားညီအစ်ကိုများထံ ဆက်သွယ် ပြောဆိုရာတွင် ချောမွေ့လွယ်ကူလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ နေပြည်တော်မြို့တော်ခန်းမကို ရောင်စုံမီးများ လှပခံ့ညားစွာ ထွန်းညှိထားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အလံအလေးပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတော်ကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအားအလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စင်မြင့်ပေါ်၌နေရာယူ

ဆက်လက်၍ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရောက်ရှိလာကာ စင်မြင့်ပေါ်၌ နေရာယူသည်။

တက်ရောက်

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ကျင်းပရာ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

* ကျောဖုံးမှ

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပရာ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်း ဒေသညှိနှိုင်းရေးမှူးများ၊ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ပျဉ်းမနားခရိုင်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းတို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပညာရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ အင်အား ၄၉၆၃ ဦးတို့ တက်ရောက်ကြသည်။

နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀တွင် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ခြံရံလျက် နိုင်ငံတော်အလံကို လွှင့်တင်သည်။

ချီတက်နေရာယူ

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ရေပန်းအလှ

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ရေပန်းများကို ရောင်စုံမီးများဖြင့် လှပစွာ တွေ့ရစဉ်။ (သတင်းစဉ်)

ရောင်စုံမီးအလှများ

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ လူနေအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြပြီး ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးပန်း ထာ

❖ နှစ်အဆန်းသည်
ငွေနှင်းဖျန်း၍ လန်းဆန်းသစ်လ
ကြည်လင်ရှင်းသန့်၊ လှပခံ့ခိုင်
ဒို့နိုင်ငံလည်း၊ ဂုဏ်သိန်ကြီးစွ
တင့်တယ်လှဘိ၊ ပကတိအရှိ
တိုင်းပြည့်သိက္ခာ၊ ထည်ထည်

❖ လမွန်ဦးခါ၊ ဇန်နဝါယ်
မြန်မာဦးစွန်း၊ ရတနာရွှန်းသစ်
ချစ်မြတ်နိုးအပ်၊ လွတ်လပ်အ
အမြဲတေကို၊ ဆွေတူမျိုးရင်း
ဒို့သားချင်းများ၊ ကျောချင်းလ
ရင်ချင်းအပ်လျက်၊ အသက်သွေ
စတေးယူခဲ့၊ မနွဲ့ကြစတမ်း
စိတ်ဝမ်းညီညွတ်ခဲ့ကြသည်။

❖ သွေးစည်းရလဒ်
ပြည့်လွတ်လပ်ရေး၊ ဇာတိသွေ
မညှိုးနွမ်းအောင်၊ ပြည်ထောင်
မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန်
စိတ်ဓာတ်များဖြင့်၊ သားချင်းတ
ခွန်စိုက်အားသွန်၊ ရွပ်ချွံကြီးပ
ချီတက်လှမ်းမှု၊ မြတ်ပန်းအထွ
ပြည့်လွတ်လပ်ပန်း၊ ထာဝစဉ်
ကြိုင်လှျမ်းမွှေးကာ၊ ရနံ့ဖြာမည်
ကမ္ဘာကုန်ကျယ်သရွေ့တိုင်အော

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ

ဦးအော

❒ ကျောဖုံးမှ

နေပြည်တော် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း တို့၌ အားကစားပြိုင်ပွဲများကို အသီးသီး ကျင်းပကြသည်။

ကြည့်ရှုအားပေး

ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများအဖြစ် မုန့်စားပြိုင်ပွဲ၊ ဝက်မျက်လုံးတပ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ခြေပူး ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ စက်ဘီး အနှေးစီးပြိုင်ပွဲ၊ ဝတ်စုံရွေးပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ မုန့်ကိုက်

ပျော်ပွဲ
တန်း
သိုက်
တို့မှ

သယ်ပြိုင
မိတာ ၅
သိုက်မြို
ကျောင်း
တို့မှဝန်
ကြပြီး
အဖွဲ့ဝင်
များ၊ ဌ
တာဝန်ရှိ
တို့မှ အ
မိသားစု
ဆရာ
ကျောင်း
ပြည်သူ
အားပေး

လွတ်လပ်ရေးပန်း ထာဝစဉ်လန်းစေ

❖ နှစ်အဆန်းသည်
ငွေနှင်းဖျန်း၍ လန်းဆန်းသစ်လွင်
ကြည်လင်ရှင်းသန့်၊ လှပခံ့ခိုင်
ဒို့နိုင်ငံလည်း၊ ဂုဏ်သိန်ကြီးစွ
တင့်တယ်လှဘိ၊ ပကတိအရှိ
တိုင်းပြည့်သိက္ခာ၊ ထည်ထည်ဝါ။

❖ လမွန်ဦးခါ၊ ဇန်နဝါဝယ်
မြန်မာဦးစွန်း၊ ရတနာရွှန်းသစ်
ချစ်မြတ်နိုးအပ်၊ လွတ်လပ်အမွေ
အမြုတေကို၊ ဆွေတူမျိုးရင်း
ဒို့သားချင်းများ၊ ကျောချင်းလည်းကပ်
ရင်ချင်းအပ်လျက်၊ အသက်သွေးချွေး
စတေးယူခဲ့၊ မနွဲ့ကြံစတမ်း
စိတ်ဝမ်းညီညွတ်ခဲ့ကြသည်။

❖ သွေးစည်းရလဒ်
ပြည့်လွတ်လပ်ရေး၊ ဇာတိသွေးပန်း
မညှိုးနွမ်းအောင်၊ ပြည်ထောင်စုစိတ်
မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စား
စိတ်ဓာတ်များဖြင့်၊ သားချင်းတစ်သိုက်
ခွန်စိုက်အားသွန်း၊ ရှုပ်ချုံကြိုးပမ်း
ချီတက်လှမ်းမှ၊ မြတ်ပန်းအထွတ်
ပြည့်လွတ်လပ်ပန်း၊ ထာဝစဉ်လန်းလျက်
ကြိုင်လှျမ်းမွှေးကာ၊ ရန့်ဖြာမည်
ကမ္ဘာကုန်ကျယ်သရွေ့တိုင်အောင်တည်း။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုလျက်–

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

မြောက်ဥက္ကလာပ အလက(၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

အလက(၁) မြောက်ဥက္ကလာပ (ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများက (၁၉၆၀ ပြည့်နှစ်မှ ၂၀၀၇ခုနှစ်)အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် ပြည်ထောင်စုနေ့ နံနက် ၉ နာရီတွင် ကျောင်းရှိ ၄၀ါခန်းမဆောင်၌ ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ လှူဒါန်းရန်နှင့် ဆက်သွယ်ရန်အတွက် ဦးသန်းထွန်းတင် (ကျောင်း) ဖုန်း–၆၉၉၃၆၃၊ ဦးခင်ဇော် ဖုန်း–၀၉ ၅၁၆၂၁၄၁၊ ဦးစံအေး ဖုန်း–၆၉၉၄၄၁၊ ကိုဝင်းဗိုလ် ဖုန်း–၀၉ ၅၁၈၀၉၈၅၊ မမြင့်မြင့်ချို ဖုန်း–၀၉ ၅၀၀၆၄၃၃၊ မချောရတနာသန်း ဖုန်း–၇၀၄၂၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တင့်လှပေဟန်အငြိမ့်အဖွဲ့ နေပြည်တော် ဘော်လီဘောအားကစားပြိုင်ကွင်း၌ ပြည်သူလူထုအား ကပြဖျော်ဖြေ တင်ဆက်စဉ်။ (သတင်းစဉ်)

ထုပ်ဆီးတိုးပြိုင်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
တင့်လှပေဟန်အငြိမ့် ကပြဖျော်ဖြေ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တင့်လှပေဟန်အငြိမ့်အဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ယနေ့ည ၇ နာရီခွဲတွင် နေပြည်တော် ဘော်လီဘောအားကစားပြိုင်ကွင်း၌ကျင်းပရာ ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရွာစားယဉ်ကျေးမှု စိုးတင့်လွင်ဆိုင်းအဖွဲ့က ပဏာမသည့်ခံဂီတသံဖြင့် ဖျော်ဖြေတင်ဆက်သည်။

ကပြဖျော်ဖြေ

ထို့နောက် တင့်လှပေဟန်အငြိမ့်အဖွဲ့သားများက ပွဲဦးအလင်္ကာယိမ်းအက၊ မြူးကြွလှပမင်းသားအက၊ ဘယ်ပန်းသာလို့ယဉ် ယိမ်းအက၊ ဦးရွှေရိုးနဲ့ဒေါ်မိုးအက၊ ပန်းဥယျာဉ်နှင့် ဆိုကြကကြမယ် ယိမ်းအက၊ တေးရေး ရန်နိုင်ဦး ရေးသားသီကုံးသော နေပြည်တော်က စောင့်နေမယ် ခေတ်ဆန်းမြိုင်ထ သီချင်းဖြင့် မြိုင်ထအကများ၊ တေးသံသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

အားပေးကြည့်ရှု

ယင်းနောက် တင့်လှပေဟန်အငြိမ့်အဖွဲ့၏ ရှေ့ထွက်မင်းသမီး ဆောင်းနှင်းဝေဝေက ယဉ်ကျေးမှုစိုးတင့်လွင် ရေးသားသီကုံးသော မြန်မာတို့၏ မီးရှူးတန်ဆောင်သီချင်း၊ အလယ်ထွက် မင်းသမီးမြင့်မြင့်ခိုင်က ယဉ်ကျေးမှု စိုးတင့်လွင် ရေးစပ်သီကုံးသော မြန်မာတို့၏ မီးရှူးတန်ဆောင်သီချင်း၊ (၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးဝါသနာရှင်(ပထမတန်း)အဆင့် အကပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ခေါင်းဆောင်မင်းသမီး ဇာနည်အောင်က တက္ကသိုလ်မြတ်လင်း (ယဉ်ကျေးမှု)ရေးသားသီကုံးသော သမိုင်းတစ်ခေတ်၏ ရွှေမြန်မာသီချင်းတို့ဖြင့် သီဆိုကပြ ဖျော်ဖြေ၍လည်းကောင်း၊ လူရွှင်တော် ကုလားမ၊ လမုန့်၊ လပြည့်၊ စာကလေးတို့က စိတ်ချမ်းမြေ့ပျော်ရွှင် ရယ်မောရသော ဟာသပြက်လုံးများဖြင့်လည်းကောင်း ရွှေပွဲလာသည့်ပရိသတ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အငြိမ့်ဝါသနာရှင် ပြည်သူများအား ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များက နှစ်သက်အားပေး ကြည့်ရှုကြသည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

နေပြည်တော် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း တို့၌ အားကစားပြိုင်ပွဲများကို အသီးသီး ကျင်းပကြသည်။

ကြည့်ရှုအားပေး

ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများအဖြစ် မုန့်စားပြိုင်ပွဲ၊ ဝက်မျက်လုံးတပ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ခြေပူး ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ စက်ဘီး အနှေးစီးပြိုင်ပွဲ၊ ဝတ်စုံရွေးပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ မုန့်ကိုက်သယ်ပြိုင်ပွဲ၊ ၇၅မီတာ၊ မီတာ ၁၀၀နှင့် မီတာ ၅၀အပြေးပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာန အသီးသီးတို့မှဝန်ထမ်းမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကျင်းပရာသို့ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးတို့မှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းမိသားစုများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အားကစား ဝါသနာရှင် ပြည်သူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပါဝင်ယှဉ်ပြိုင်

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

တင်ဝင်း(အင်းစိန်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၄

ဗင်နီဇွဲလားအစိုးရအဖွဲ့ပြောင်းလဲမည့်အစီအစဉ်ကြေညာ

ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ဒုတိယသမ္မတ ဂျော့ရှိဒရစ်အား အစားထိုးမှု အပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီး၁၃နေရာကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်သူ့ဆန္ဒခံယူပွဲတွင် သမ္မတချာဗက်ဇ်၏ပြုပြင်ပြောင်းလဲရေးအဆိုပြုချက်များ အရေးနိမ့်ပြီးနောက် အထက်ပါအတိုင်း စီစဉ်ခြင်းဖြစ်သည်။

တရုတ်စားနပ်ရိက္ခာ ဇင်ဘာဘွေသို့ကူညီ

ရိက္ခာပြတ်လတ်နေသော ဇင်ဘာဘွေနိုင်ငံသို့ တရုတ်နိုင်ငံက စားနပ်ရိက္ခာ အကူအညီ တန်ချိန် ၅၀၀၀ ပေးပို့မည်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံဆိုင်ရာ တရုတ်ဒုတိယသံအမတ်ကြီး မာကပြောကြားသည်။

၂၀၀၈ ခုနှစ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏ ဒေါ်လာသန်း ၅၀၀ အထိ နှစ်နိုင်ငံစလုံးက တိုးမြှင့်လိုသည်ဟုလည်း သတင်းတွင်ဖော်ပြထားသည်။

ထိုင်းရွေးကောက်ပွဲအနိုင်ရသူ ၈၃ရာခိုင်နှုန်း စုံစမ်းစစ်ဆေးခံရဆဲဟုဆို

ထိုင်းနိုင်ငံ၏ ဒီဇင်ဘာ ၂၃ရက်က ကျင်းပခဲ့သောအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရသူကိုယ်စားလှယ်လောင်း ၈၃ရာခိုင်နှုန်းမှာ စုံစမ်းစစ်ဆေးခံနေရပြီး စည်းကမ်းနှင့်မညီညွတ်သဖြင့် ပိတ်ပင်ခံရနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပီချတ်က ပြောကြားသည်။

ထိုရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများ၏အမည်ကို ကော်မရှင် ဥက္ကဋ္ဌက ထုတ်ဖော်မပြောသော်လည်း စာရင်းကိုတွေ့လိုက်ရသည့် သံတမန်တစ်ဦးကမူ ၎င်းတို့အနက် ကိုယ်စားလှယ်လောင်း ၈၀ရာခိုင်နှုန်းခန့်မှာ ပီပီပီပါတီမှ ဖြစ်ကြောင်း ပြောဆိုသည်။

ပါလက်စတိုင်း-အစ္စရေးကိစ္စ ဂျော်ဒန်ဘုရင်နှင့်အဘတ်စ်တို့ဆွေးနွေး

ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ဈေးစပ်ဆွေးနွေးပွဲများ တိုးတက်အောင်မြင်ရေးကိစ္စကို ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ ပင်လယ်နီဆိပ်ကမ်းမြို့ အကာဘာ၌ တွေ့ဆုံဆွေးနွေးသည်။

ပါလက်စတိုင်းနှင့် အစ္စရေး ဆွေးနွေးပွဲများကို အဟန့်အတားဖြစ်စေသည့် အခက်အခဲများ ကျော်လွှားရေး မည်သည့်ကြိုးပမ်းမှုကိုမဆို ဂျော်ဒန်နိုင်ငံက ထောက်ခံကြောင်း ဘုရင်အဗ္ဗဒူလာက ဆွေးနွေးပွဲအတွင်း ထပ်မံ ပြောကြားလိုက်သည်။

ဂျပန်စတော့ဈေးကွက် ၁၇လအတွင်းအနိမ့်ဆုံးကျဆင်း

ဂျပန်ယန်းငွေတန်ဖိုးတက်ပြီး ရေနံဈေးနှုန်းလည်း စံချိန်တင် မြင့်တက်မှုကြောင့် ရင်းနှီးမြှုပ်နှံသူများ စိုးရိမ်လာကြသဖြင့် ဂျပန်နိုင်ငံ၏ စတော့နှင့်ရှယ်ယာ ဒိုင်ညွှန်းကိန်းမှာ ၁၇လအတွင်း အနိမ့်ဆုံးသို့ ထိုးကျသွားသည်။

ဒေါ်လာဈေးကျပြီး ယန်းငွေတန်ဖိုးတက်မှုကြောင့် အမေရိကန် စီးပွားရေး ထိခိုက်မည်ကို စိုးရိမ်လျက်ရှိသည်။ အမေရိကန်သည် ဂျပန်နိုင်ငံအဖို့ ကြီးမားသော ဈေးကွက်ဖြစ်သည်။

ယူရိုငွေ၊ ယန်းငွေတို့နှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးကျ

အမေရိကန် ပုဂ္ဂလိကကဏ္ဍ အလုပ်အကိုင် တိုးတက်မှု ဒီဇင်ဘာလအတွင်း နှေးကွေးကြောင်း အစီရင်ခံစာ၌ ဖော်ပြပြီးနောက် ကြာသပတေးနေ့တွင် ယူရိုငွေ၊ ဂျပန်ယန်းငွေများနှင့် ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းခဲ့သည်။

အလုပ်အကိုင်သစ် ၅၀၀၀၀ရှိမည်မျှော်လင့်သော်လည်း ဒီဇင်ဘာလအတွင်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များက အလုပ်အကိုင်သစ် ၄၀၀၀၀သာ ဖန်တီးပေးနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများက အစိုးရ၏ အလုပ်အကိုင်ဆိုင်ရာ အစီရင်ခံစာကို စောင့်မျှော်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ အမေရိကန် အလုပ်အကိုင်ဈေးကွက်နှင့် စီးပွားရေးခိုင်မာမှု၏ အရေးပါသော တိုင်းတာရေး ကိရိယာအဖြစ် ရှုမြင်ထားသောကြောင့်ဖြစ်သည်။

၁၉၈၈ ခုနှစ်က လေယာဉ်ဗုံးခွဲမှု လျော်ကြေးပေးရန်တိုက်တွန်း

စကော့တလန်ပြည်နယ် လော့ကာဘီမြို့အနီး၌ ၁၉၈၈ ခုနှစ်က ဗုံးပေါက်ကွဲ ပျက်ကျခဲ့သော ပန်အမ်ခရီးသည်တင်လေယာဉ်မှ သေဆုံးသူများ၏ မိသားစုများအား လစ်ဗျားက လျော်ကြေးပေးရန် လစ်ဗျားနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူရာမန်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဇာရိုက်စ်က တိုက်တွန်းလိုက်သည်။ ၃၆နှစ်အတွင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။

လစ်ဗျားခေါင်းဆောင်ကဒါဖီက အကြမ်းဖက်မှုကို တရားဝင်စွန့်လွှတ်သည့် ၂၀၀၃ခုနှစ်မှစ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာခဲ့သည်။ လော့ကာဘီ လေယာဉ်ပျက်ကျမှု၌ လူပေါင်း ၂၇၀ သေဆုံးခဲ့သည်။

ကင်ညာ၌ ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးဖြင့်လူစုခွဲ

ကင်ညာအတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါ သမ္မတရွေးကောက်ပွဲ၌ ရှုံးသဖြင့် ဆက်တိုက်ကန့်ကွက်ဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက ယမန်နေ့၌ မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်များသုံးကာ လူစုခွဲခဲ့ရသည်။

မြို့တော်နိုင်ရိုဘီ၌ အတိုက်အခံထောက်ခံသူ ထောင်ပေါင်းများစွာတို့က ထပ်မံစုရုံးဆန္ဒပြကြဦးမည်ဟု မျှော်လင့်ရသည်။ ရွေးကောက်ပွဲအပြီး ဆူပူမှုများတွင် ၃၀၀ကျော် သေဆုံးပြီး ပြည်သူ၇၀၀၀၀ခန့် ထွက်ပြေးတိမ်းရှောင်နေရဆဲဖြစ်သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

ဖိလစ်ပိုင်နိုင်ငံ ပါဆေးမြို့တွင် ဇန်နဝါရီ ၃ ရက်က ဈေးဆိုင်ခန်း အဆောက်အအုံ တစ်ခု မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံ အစိတ်အပိုင်း အများအပြား ပျက်စီးခဲ့သည်။ (ယာပုံ)

- ❖ *အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများတွင် ဇန်နဝါရီ၄ရက်က အအေးလှိုင်းကျရောက်၍ စုစုပေါင်း ၉၀ သေဆုံးခဲ့သည်။*
- ❖ **အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းကမ်းလွန်တွင် ဇန်နဝါရီ၄ရက်နံနက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ ဆူမားတြားကျွန်းရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့သည်။**
- ❖ *ကနေဒါနိုင်ငံအရှေ့ပိုင်း မွန်ထရီယယ်မြို့တွင် ဇန်နဝါရီ၃ရက်က မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နေအိမ်အများအပြား မီးလောင်ခံခဲ့ရသည်။*
- ❖ **နာဆာအဖွဲ့မှ ယခုရက်ပိုင်းအတွင်း နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လွှတ်တင်ရန်စီစဉ်ထားသည့် အတ္တလန္တစ် လွန်းပြန်ယာဉ်အား လောင်စာကန်ချွတ်ယွင်းမှုကြောင့် ဇန်နဝါရီနောက်ဆုံးသီတင်းပတ်အထိ ရွှေ့ဆိုင်းလိုက်သည်။**
- ❖ *ဘရာဇီးနိုင်ငံ မာတိုဂရိုဆိုမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသော အလွန်ရှားပါးသည့် အဖြူရောင်မိကျောင်းခုနစ်ကောင် ဇန်နဝါရီ၃ရက်က ခိုးယူခြင်းခံခဲ့ရသည်။*
- ❖ **ကနေဒါနိုင်ငံ တိုရွန်တိုမြို့မြောက်ဘက် အဝေးပြေးလမ်းမပေါ်တွင် ဇန်နဝါရီ၄ရက်က မော်တော်ယာဉ်ကို တစ်နာရီ ၁၆၁မိုင်နှုန်းဖြင့်မောင်းနှင်ခဲ့သည့် အသက်၈၅နှစ်အရွယ် အဘိုးအိုတစ်ဦးအားဖမ်းဆီးလိုက်ရာ ယာဉ်စည်းကမ်းချိုးဖောက်မှုကြောင့် အဖမ်းခံရသည့် အသက်အကြီးဆုံး အမျိုးသားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။**
- ❖ *ရိုမေးနီးယားနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ဇန်နဝါရီ ၄ ရက်က အအေးလှိုင်းကျရောက်ခဲ့ပြီး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် လေယာဉ်ခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရသည်။*

နိုင်ငံတကာ မှုခင်း

အမှောင်ကမ္ဘာ၏အခြားမှဲ့၌

အမေရိကန်နိုင်ငံ အရှေ့ပိုင်း မေရီလင်းပြည်နယ်သည် အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေတွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ထို့အတူ ယင်းပြည်နယ်၏ မြို့တော် အနာပိုလစ်မြို့သည် ချီဆာပီတီပင်လယ်အော်နံဘေးတွင် တည်ရှိသဖြင့် အတန်အသင့်စည်ကားသော မြို့ဖြစ်သည်။

ဓာတ်သိမ်းမလှသူ ကီလ်ဗင်ပိုကီ။
အင်တာနက်ဓာတ်ပုံ

လက်လျှော့ခဲ့ရ

အနာပိုလစ်မြို့သည် ကီလ်ဗင်ပိုကီ၏ဇာတိချက်ကြွေမွေးရပ်မြေ ဖြစ်သည်။ ပိုကီသည် ငယ်စဉ်က မိဘနှစ်ပါးနှင့်အတူ ရင်အုပ်မကွာနေထိုင်ခဲ့ရပြီး သူ၏ အသက်၃၀အရွယ်အထိ မိဘနှစ်ပါးစလုံး သက်ရှိထင်ရှားရှိနေခဲ့ကြသည်။ ပိုကီသည် ငယ်စဉ်က ဉာဏ်ကောင်းသော်လည်း ပညာရေးဘက်တွင် ကြိုးစားအားထုတ်မှုနည်းခဲ့ပြီး အပျော်အပါးပွဲလမ်းသဘင်ဘက်၌သာ အားသန်ခဲ့သည်။ လူလတ်တန်းစား မိဘနှစ်ပါးက တစ်ဦးတည်းသောသား ပိုကီကို ပညာရေးတွင် စာတော်ပြီး ထူးချွန်ထက်မြက်သောပညာတတ်တစ်ဦးဖြစ်စေချင်သည်။ သို့သော်လည်း ပညာရေးတွင်စိတ်မဝင်စားသောသားဖြစ်သူ ပိုကီသည် အလယ်တန်းအဆင့်တွင်ပင် ဖွတ်အတင်းကျောင်းထွက်ခဲ့သဖြင့် မိဘနှစ်ပါးသည် ပိုကီပညာတတ်တစ်ဦးဖြစ်ရေး ရည်မှန်းချက်ကို လက်လျှော့ခဲ့ရတော့သည်။

ထင်ရာစိုင်း

ပညာရေးကိုကျောခိုင်းခဲ့သော ပိုကီသည် အပြင်လောကသို့ ရောက်သွားသောအခါ ပို၍လွတ်လပ်သွားတော့သည်။ မိဘနှစ်ပါး၏ အုပ်ချုပ်မှုအောက်၌ရှိစဉ်တွင် ပိုကီအနေဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခဲ့သေးသည်။ ပိုကီအသက် ၃၀ကျော်စအရွယ်တွင် မိဘနှစ်ပါးမှာ ရှေ့ဆင့်နောက်ဆင့်တိမ်းပါးသွားကြသည်။ မိဘနှစ်ပါးဆုံးပါးခဲ့ပြီးနောက် ပိုကီသည် အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်သွားကာ ထင်ရာစိုင်းခဲ့တော့သည်။ ထို့ကြောင့်လည်း သူ၏အသက်၄၀ကျော်တွင် ဒုစရိုက်နယ်ထဲသို့ ကျွံသည်ထက်ကျွံဝင်မိတော့သည်။

ဆေးကုသမှုခံယူ

ယခုအခါ အသက်၄၅နှစ်ရှိပြီဖြစ်သော ပိုကီကို ရဲအဖွဲ့က လူပြန်ပေးဆွဲမှု၊ ကားပြန်ပေးဆွဲမှုနှင့်ဓားပြမှုတို့ဖြင့် ဖမ်းဆီးခဲ့ပြီး တရားရုံးက တစ်သက်တစ်ကျွန်း ထောင်ဒဏ်အပြင် နောက်ထပ် ထောင်ဒဏ်နှစ်လေးဆယ် သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပိုကီသည် ထောင်တွင်း၌ရှိနေစဉ် ရင်ဘတ်တွင်ဒဏ်ရာရခဲ့မှုကြောင့် လော်ရယ်ဒေသရှိ ထောင်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။

ထိုသို့ ဆေးရုံတက်နေစဉ်အတွင်း ပိုကီကိုခြေချင်းသာ ခတ်ထားပြီး လက်ထိတ်ခတ်ထားခြင်းမရှိဘဲ ဆေးရုံ၏စတုတ္ထထပ်တွင် ဆေးကုသမှုခံယူစေခဲ့သည်။ ပိုကီသည် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂ရက် နံနက်ပိုင်းက ထောင်လုံခြုံရေးများထံမှ သေနတ်နှစ်လက်ကို ရယူခဲ့ပြီး ၎င်း၏ခြေချင်းကို သေနတ်ဖြင့်ပစ်ခတ် ဖျက်ဆီးခဲ့ကာ လုံခြုံရေးတစ်ဦးကို ဓားစာခံအဖြစ်ခေါ်ဆောင်ကာ ခန်းမရှိထွက်ပေါက်မှတစ်ဆင့် ထွက်ပြေးခဲ့သည်။ ၎င်းသည် ထွက်မပြေးမီ သေနတ်တစ်လက်ကို အမှိုက်ပုံတွင် လွှင့်ပစ်ထားခဲ့သည်။

တရကြမ်းပစ်ခတ်

ပိုကီသည် အလုပ်သမားတစ်ဦးကို ဓားစာခံလုပ်လျက် ဖို့ဒ်ကားဖြင့် ထွက်ပြေးခဲ့သည်။ ရဲအဖွဲ့က ယင်းကားကိုခြေရာခံပြီးလိုက်ခဲ့ရာ လော်ရယ်ဒေသမှ မိုင်၃၀ခန့်အကွာရှိ သင်္ချိုင်းတစ်ခု၏အတွင်းတွင် လေမရှိသဖြင့် တာယာများ ပြားနေပြီဖြစ်သော အဖြူရောင် ဖို့ဒ်ကားကို တွေ့ခဲ့ရသည်။ ထိုအချိန်တွင် ညနေ သုံးနာရီခန့်ရှိနေပြီ ဖြစ်သည်။ ထိုသို့တွေ့ပြီးမကြာမီ ယင်းကားအတွင်းမှ ပိုကီထွက်လာကာ ရဲအဖွဲ့ကို တရကြမ်းပစ်ခတ်တော့သည်။ ထိုမှအစပြု၍ ရဲအဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာမှ ပိုကီသည် သေနတ် ထိမှန်ခံရကာ သေဆုံးသွားခဲ့သည်။ ဓားစာခံအမျိုးသမီး အလုပ်သမားမှာမူ ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။

ဆင်ခြင်ဖွယ်

ပိုကီသည် ပညာရေးဟူသော အလင်းရောင်ကို ကျောခိုင်းခဲ့ပြီးနောက် ထင်ရာစိုင်းကာ အမှောင်ကမ္ဘာအတွင်းသို့ ချင်းနင်းဝင်ရောက်ပျော်မွေ့မိခဲ့သဖြင့် ဤကဲ့သို့ မလှမပဓာတ်သိမ်းခဲ့ရသည်ကား ဆင်ခြင်ဖွယ်ရာ ကောင်းလှပေတော့သည်။ ။

ကိုးကားရေးဖွဲ့သူ - ချစ်စိုးနိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဗာပတေးက သဝဏ်လွှာပေးပို့ရာတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနှစ်နိုင်ငံတို့အကြား နွေးထွေးသော ဆက်ဆံရေးများဖြစ်ထွန်းလျက် ရှိပါကြောင်း၊ နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုနှင့် အနာဂတ်ကာလများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အိမ်စောင့်အစိုးရ အကြံပေးအရာရှိချုပ် ဖာ့ခ်ရူဒင်အာမက်က လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်သူများနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြပါရှိသည်။

ပါကစ္စတန်အစ္စလာမ္မစ်နိုင်ငံ

၂၀၀၈ခုနှစ်ဇန်နဝါရီ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပါကစ္စတန်အစ္စလာမ္မစ်နိုင်ငံ သမ္မတ မစ္စတာပါဗက်ဇ်မူရှာရက်ဖ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများကို ဝမ်းမြောက်ဂုဏ်ယူစွာ ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ မြန်မာနှင့် ပါကစ္စတန်နိုင်ငံတို့သည် အနာဂတ် ကာလတွင်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ပါကစ္စတန်အစ္စလာမ္မစ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဟာမက် မီယမ်ဆွမ်ရိုထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာတွင် မြန်မာနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား ရင်းနှီးမှု၊ အပြန်အလှန် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုများ ရှိနေပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မြင်တွေ့ရသည့် In Buddha's Land ဓာတ်ပုံပြပွဲ

ဓာတ်ပုံအနုပညာသတင်း - မိုးမြင့်လင်းလက် ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ဓာတ်ပုံမိုးမင်း (Rays)ရိုက်ကူးထားတဲ့ ဘုရားဖူးများလို့ အမည်ပေးထားသည့် ဓာတ်ပုံက အမြင်ဆန်းအောင် ရိုက်ကူးထားနိုင်သည်။

ရန်ကုန် ဇန်နဝါရီ ၄

ဓာတ်ပုံတစ်ပုံဟာ ကင်မရာနောက်က ဖန်တီးရိုက်ကူးသူရဲ့ အမြင်၊ စိတ်ကူး၊ အလင်းနဲ့ ရှုထောင့်အယူအဆတွေ ကောင်းရင်ကောင်းသလောက် အဲဒီ ဓာတ်ပုံဟာ အနုပညာဆန်ပြီး အသက်ဝင် လှုပ်ရှားနေတတ်ပါတယ်။

ဒီလိုအနုပညာဆန်ပြီး အသက်ဝင် လှုပ်ရှားနေတဲ့ ဓာတ်ပုံတွေချည်း စုစည်းတင်ပြထားတဲ့ "In Buddha's Land "လို့ အမည်ပေးထားသည့် ဓာတ်ပုံပညာရှင် မိုးမင်း(Rays)ရဲ့ ဓာတ်ပုံပြပွဲတစ်ခုကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဂရင်းမီးရထား ဟိုတယ်ပထမထပ်မှာ ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဓာတ်ပုံပြပွဲနှင့် ပတ်သက်၍ ဓာတ်ပုံပညာရှင် မိုးမင်း (Rays) က မြန်မာ့အလင်းကို ဤသို့ရှင်းပြသည်။

ဓာတ်ပုံပြပွဲအတွင်းမှာ "ဘုရားဖူးများ"လို့ အမည်ပေးထားတဲ့ ဓာတ်ပုံကတော့ ပုဂံမှာရှိတဲ့ အာနန္ဒာဘုရားပွဲကို လာရောက်ကြတဲ့ လှည်းတန်းမြင်ကွင်း ဓာတ်ပုံပါပဲ။ အပေါ်စီးကနေပြီး ရိုက်ယူထားတဲ့အတွက် အမြင်ဆန်းသစ်ပြီး လှည်းတန်းကနေ ဖုန်လိုမ့်ထွက်နေပုံ၊ ကျေးလက်သဘာဝ ပေါင်းမိုးလှည်းတွေနဲ့ ဘုရားပွဲ စုပေါင်းလာကြပုံတွေဟာ ဖြစ်ရပ်ရိုးပေမယ့် အမြင်ဆန်းအောင် ရိုက်ကူးထားနိုင်တဲ့ ဓာတ်ပုံကောင်းတစ်ခုပါပဲ။

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ဓာတ်ပုံကတော့ **"ဖိုဝင်တောင်"**လို့ အမည်ပေးထားတဲ့ လက်မ ၂၀ **x** လက်မ ၃၀ ဓာတ်ပုံဖြစ်ပါတယ်။ ဖိုဝင်တောင် လိုဏ်ဂူအတွင်းမှာ ထုလုပ်ပူဇော်ထားတဲ့ ရှေးခေတ်လက်ရာဆင်းတုတော်တွေနဲ့ နံရံဆေးရေးပန်းချီတွေကို သဘာဝအလင်းရောင် အားယူပြီး ရှုထောင့်ကောင်းကောင်းနဲ့ ရိုက်ယူထားတာမို့ ပုံရိပ်အနီးအဝေးဟာ ညီညွတ်မျှတနေတဲ့အပြင် ဆင်းတုတော်တွေနဲ့ လိုဏ်ဂူအနေအထား တည်းဖြတ်မှု မှန်ကန်တာမို့ ကြည်ညိုဖွယ်ရာ မြင်ကွင်းဓာတ်ပုံအဖြစ် ပေါ်လွင်နေပါတယ်။

"သမိုင်းအမွေ"လို့ အမည်ပေးထားတဲ့ ဓာတ်ပုံကတော့ ဖိုဝင်တောင် လိုဏ်ဂူတစ်ခုရဲ့ အပြင်ဘက်မှာ ထုလုပ်ထားတဲ့ ရုပ်တုတစ်ခုရဲ့ အနီးကပ်မြင်ကွင်းပါ။ ပုံရိပ်ကြည်လင်ပြတ်သားအောင် ရိုက်ကူးထားနိုင်တာမို့ ကုန်းဘောင်ခေတ် ကျောက်ထွင်းပန်းပုလက်ရာကို ရင်သပ်ရှုမောစရာအဖြစ် မြင်တွေ့ခံစားရပါတယ်။ ကင်မရာအယူအဆ၊ ကင်မရာနဲ့ ရုပ်တုအကွာအဝေးဟာ ကွက်တိဖြစ်အောင် ရိုက်ကူးထားနိုင်တာမို့ ကုန်းဘောင်ခေတ် စာဆိုတစ်ဦးရဲ့ ပုံရိပ်လွှာဟာ သမိုင်းအမွေအနှစ်အဖြစ် မြင်တွေ့ခံစားလို့ ရပါတယ်။ ရုပ်တုအပေါ် ကျနေတဲ့ အလင်းအမှောင်တွေကလည်း ရုပ်တုကို ကြွအောင်အားပေးနေတာမို့ မှန်ကန်တဲ့ အလင်းအားကို ရအောင်ယူပြီး ရိုက်ကူးထားတာဟာ လေးစားစရာကောင်းပါတယ်။

ဓာတ်ပုံတစ်ပုံဟာ ကင်မရာနောက်က ဖန်တီးရိုက်ကူးသူရဲ့ အမြင်၊ စိတ်ကူး၊ အလင်းနဲ့ ရှုထောင့် အယူအဆတွေ ကောင်းရင် ကောင်းသလောက် အဲဒီဓာတ်ပုံဟာ အနုပညာဆန်ပြီး အသက် ဝင် လှုပ်ရှားနေတတ်ပါတယ်။

ဒီဓာတ်ပုံပြပွဲမှာ လက်မ ၂၀ **x** လက်မ ၅၀ အရွယ်အစားကနေပြီး အသေးဆုံး ၁၀ လက်မ **x** ၁၅ လက်မ အရွယ်အထိ ဓာတ်ပုံပေါင်း ၆၀ ခင်းကျင်းပြသထားတာမို့ ကြည့်ရှုလေ့လာရတာ အားရစရာလည်း ကောင်းပါတယ်။ ဓာတ်ပုံတွေကို လေ့လာတဲ့အခါ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ ပုဂံ၊ အင်းလေး၊ မန္တလေး၊မုံရွာ၊အင်းဝ၊ စစ်ကိုင်း၊ ဖိုဝင်တောင်၊ မြောက်ဦး၊ ကျိုင်းတုံနဲ့ ကျိုက်ထီးရိုးစတဲ့ ဝန်းကျင်ဒေသတွေက မြင်ကွင်းဓာတ်ပုံတွေကို မြင်တွေ့ရပါတယ်။

ဓာတ်ပုံပြပွဲ တစ်ခုလုံးဟာ ဘာသာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နဲ့ ရှေးခေတ်လက်ရာတွေကို ဓာတ်ပုံပညာအဆင့်အတန်း မြင့်မြင့်နဲ့ တင်ပြထားနိုင်တာမို့ ဝါသနာရှင်တွေ လေ့လာသင့်တဲ့ ဓာတ်ပုံပြပွဲတစ်ခုဆိုတာ သတင်းကောင်း ဖြန့်ဝေပေးလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်
နှစ်သစ်ဦး အထူးဈေးရောင်းပွဲတော်

သတင်းမှတ်စု - ကိုအာကာ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၄

"နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နှစ်သစ်ဦးဈေးရောင်းပွဲတော်"ဟု အမည်ပေးထားသည့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ရန်ကုန်တိုင်း တာမွေမြို့နယ် ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာရှိ Aroma Wellness Shopping Centre ကားပတ်လမ်းဝင်းအတွင်း ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီက စတင် ဖွင့်လှစ်ခဲ့သည်။

ခင်းကျင်းရောင်းချ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဈေးရောင်းပွဲတော် ကျင်းပခြင်းဖြစ်ရာ စုစုပေါင်း ဆိုင်ခန်း ၅၀ ကျော် ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ ဆိုင်ခန်းများတွင် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ အလှကုန်၊ အသင့်ချုပ် အဝတ်အထည်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ စသည့် ဆိုင်ခန်းများပါဝင်ပြီး ကုမ္ပဏီအများအပြားမှ ထုတ်ကုန်ပစ္စည်းများကိုလည်း တိုက်ရိုက်လာရောက်ရောင်းချသည့် ဆိုင်ခန်းများလည်း ပါဝင်သည်။

စိတ်တိုင်းကျ

ရှစ်ပေပတ်လည် အကျယ်အဝန်းရှိသည့် ဆိုင်ခန်းများတွင် ရောင်းချသည့်ပစ္စည်းများ အပြည့်ခင်းကျင်း ပြသရောင်းချလျက်ရှိသည့်အပြင် အထူးလျှော့ဈေးများဖြင့် ရောင်းချပေးနေသဖြင့် ဈေးပွဲတော်လာ ပြည်သူများ စိတ်တိုင်းကျ လွတ်လပ်စွာ ဝယ်ယူအားပေးလျက်ရှိသည်။

ဖျော်ဖြေ

လွတ်လပ်ရေးနေ့ အထူးဈေးရောင်းပွဲတော်သို့ လာရောက်ဈေးဝယ်သူများအတွက် အလွယ်တကူ ဝယ်ယူစားသောက်နိုင်ရန် စားသောက်ဆိုင်များလည်း ရောင်းချပေးလျက်ရှိသည့်အပြင် ဈေးရောင်းပွဲတော်လာ ပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တင်မိုးလွင်၏ Talents & Models အဖွဲ့က နေ့စဉ်ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ တစ်ဖန် နာမည်ကြီးတေးဂီတ အနုပညာရှင်များ၏ ဖျော်ဖြေမှုများကိုလည်း ထည့်သွင်းပေးထားသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နှစ်သစ်ဦးဈေးရောင်းပွဲတော်တွင် အထူးလျှော့ဈေးများဖြင့် ရောင်းချပေးလျက်ရှိနေပြီဖြစ်ရာ ဈေးဝယ်သူများအတွက် သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နှစ်သစ်ဦး အထူးဈေးရောင်းပွဲတော်ကို တာမွေမြို့နယ် ဦးချစ်မောင်အိမ်ရာ၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၏ ဇနီးနှင့် ဧည့်သည်တော်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)



ကမ်းပြိုကျောင်း ယောဂီဆောင်အတွက်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် နည်းပညာတက္ကသိုလ်အနီး ကမ်းပြိုရပ်ကွက် မိုးကုတ်ဝိပဿနာ ကမ်းပြိုကျောင်းတိုက်အတွင်း တည်ဆောက်မည့် လုရတနာ နှစ်ထပ်ယောဂီဆောင်အတွက် ဒေါ်သန်းသန်းရီက အလှူငွေကျပ်တစ်သိန်းကို မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော်ဦးတိလောက (ပွင့်ဖြူ)ရှေ့မှောက်၌လှူဒါန်းရာဥက္ကဋ္ဌက လက်ခံယူသည်။ **(အပေါ်ပုံ)** အထက်ပါ ကျောင်းသို့လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၁၀၇၃၀ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု ချောက်မြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနောက်ကုန်း-မြို့သစ်-မြေနီကုန်းပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ကျောက်ချောလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါ အနောက်ကုန်း-မြို့သစ်-မြေနီကုန်းပတ်လမ်း ကျောက်ချောလမ်းသစ်သည် အရှည်ပေ ၄၃၅၀၊ အကျယ် ၁၂ ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၅၁၅၈၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အခြေခံမီးသတ် သင်တန်းဆင်းပွဲ လင်းခေးမြို့နယ်တွင် ကျင်းပ

လင်းခေး ဒီဇင်ဘာ ၂၈

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော အခြေခံမီးသတ်သင်တန်း (၁/၂၀၀၇)သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး ရှိန်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့ကြသည့် သင်တန်းနည်းပြများအား တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် သင်တန်းသားများက လက်တွေ့ မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ပြသခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ ရက် နံနက်၉နာရီက ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက စာအုပ်ဈေးပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှု အားပေးစဉ်။ (မြန်မာ့အလင်း)

မျှော်စင်ကျွန်းမှစိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ အယ်ထီးကော်နှင့်ရန်ကြီးအောင်တို့သရေထိုးသတ်

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co.,Ltd.) ၏ အဓိကပံ့ပိုးကူညီမှုဖြင့် T&T Group က တာဝန်ယူကျင်းပသော ကယ်လ်ဆမ် မျှော်စင်ကျွန်းမှစိန်ခေါ်သံ(၆) မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ယနေ့ညနေ ၆နာရီက ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)၌ ယှဉ်ပြိုင်ထိုးသတ်ကြရာ ရွှေခါးပတ်ချန်ပီယံ အယ်ထီးကော်(K.L.N) နှင့် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့ ငါးချီသရေပွဲ ဖြစ်သွားသည်။

အယ်ထီးကော်(K.L.N)နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြသည်မှာ ...။ (မြန်မာ့အလင်း)

အားမလိုအားမရ

၂၀၀၇ခုနှစ်အတွင်း ရန်ကြီးအောင်က အယ်ထီးကော်ကို တစ်ပွဲနိုင်၊ တစ်ပွဲသရေ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ယနေ့ပွဲ၌လည်း ပြတ်ပြတ်သားသား အဖြေမထွက်ဘဲ သရေပွဲဖြစ်ခဲ့ပြန်၍ မျှော်စင်ကျွန်းပရိသတ်များ အားမလိုအားမရ ဖြစ်ခဲ့ကြရသည်။

ပထမအချီလွှတ်ဟော့ဆိုသည်နှင့် ရန်ကြီးအောင်က ညာခြေဖြင့်စဖွင့်ရာ အယ်ထီးကော် ယိုင်သွားသည်။ ဘာမထီဇာနည်မောင်တို့ပွဲ အသည်းကို အသည်းချင်း၊ ဖွဲကို ဖွဲချင်း ယှဉ်ပြိုင်ရာ မျက်တောင်မခတ်တမ်း ကြည့်ကြရသည်။ တောင်ငူသား အယ်ထီးကော်နှင့် တွံတေးသား ရန်ကြီးအောင်တို့ စိတ်မကျေပွဲပြန်တွေ့ခြင်းဖြစ်၍ နှစ်ဦးစလုံး အလဲထိုးပွဲသိမ်းရန် ကြံရွယ်ထားပုံပေါ်လွင်နေသည်။ ညာပါ ပစ်သွင်းသည်။ ပရိသတ်က ရန်ကြီးအောင် ပွဲဖြတ်နိုင်မည်လား မျှော်လင့်ခဲ့ကြသော်လည်း ပဉ္စမအချီပြီးဆုံးသည်အထိ အယ်ထီးကော်က နာသည့်ကြားမှ ဖွဲခံ ထိုးသွား၍ သရေနှင့်ပွဲသိမ်းလိုက်ရသည်။

ငါးချီသရေပွဲ

အထူးလေးချီ မျိုးဆက်သစ်စိန်ခေါ်ပွဲအဖြစ် သိုးထိန်း(မြန်မာပြည်သား)နှင့် လုစ်လုစ်လေး (သူရဲကောင်း)တို့ယှဉ်ပြိုင်ထိုးသတ်ရာ အရှုံးအနိုင်မပေါ်ဘဲ လေးချီသရေပွဲ ဖြစ်သွားသည်။ အထူးငါးချီ အမျိုးသမီး စိန်ခေါ်ပွဲအဖြစ် သံရိုင်းမ(မြန်မာပြည်သား) နှင့် စုလှိုင်ဦး(ပက်မစိန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သံရိုင်းမ လက်ရည်သာ၍ စုလှိုင်ဦး အနားတောင်းခဲ့ရသော်လည်း ငါးချီသရေပွဲ ဖြစ်သွားသည်။

အထူးလေးချီ စိန်ခေါ်ပွဲများအဖြစ် ဒိုးလုံး(မထိလာ) နှင့် သိန်းဇံ(ရက္ခဖျူလ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သိန်းဇံ(ရက္ခဖျူလ)က တတိယအချီ ၂မိနစ်၁၈စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ရန်ကုန်သား(ရန်ကုန်) နှင့် ဂဠုန်မင်း(ရက္ခဖျူလ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဂဠုန်မင်း (ရက္ခဖျူလ)က ပထမအချီ ၅၇စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ မင်းမင်း(ရန်ကုန်) နှင့်သံလွင်အောင်(K.L.N)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ လေးချီသရေပွဲ ဖြစ်သွားသည်။

ယနေ့ပြိုင်ပွဲတွင် ပရိသတ်အကြိုက်တွေ့သော ပွဲစဉ်များမှာ ငါးချီ စိန်ခေါ်ပွဲ များဖြစ်သည်။ သားသား (K.L.N)နှင့် ဗသုံပန်ဆက်(မြန်မာပြည်သား)တို့ ယှဉ်ပြိုင် ထိုးသတ်ရာ သားသား (K.L.N)က စတုတ္ထအချီ ၂မိနစ်၃၁စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ စိုးမိုးဟိန်း (မျိုးဆက်သစ်)နှင့် ဖွဲ့သတ္တိ(သူရဲကောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စိုးမိုးဟိန်း (မျိုးဆက်သစ်)က စတုတ္ထအချီ ၂မိနစ် စက္ကန့်၄၀တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

လေးချီစိန်ခေါ်ပွဲတွင် သရေဖြင့်သာအဆုံးသတ်ခဲ့သည့် လုစ်လုစ်လေး (သူရဲကောင်း)ကလပ် (ဝဲ) နှင့် သိုးထိန်း (မြန်မာပြည်သား) ကလပ်အသင်းတို့အား ပွဲအပြီးတွင် ဒိုင်လူကြီးနှင့်အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

ပထမအချီတွင် အယ်ထီးကော် သက်လုံမကျသေး၍ ဟန်မပျက်ထိုးသော်လည်း လေးချီမြောက်တွင် မဟန်သည့်ပုံပေါ်လာသည်။ ရန်ကြီးအောင်၏ ဘယ်ထောက် လက်သီးများ ထိချက်မှန်သလောက် အယ်ထီးကော်၏ ဘယ်ဝိုက်လက်သီးကလည်း တစ်ချက်ဆို ဆိုသလောက် ကောင်းလှသည်။

ထိချက်ပြင်းလှ

ရန်ကြီးအောင်က အပြင်ခတ်သကဲ့သို့ အယ်ထီးကော်ကလည်း အတွင်း ပြန်ခတ်၍ ထိချက်ပြင်းလှသည်။ ရန်ကြီးအောင်ကညာခြေကို အားပြု၍ ဘယ်ညာ လက်သီးတွဲလွှတ်ရာ အယ်ထီးကော်က တစ်လုံးကောင်းရာပြီး ဘယ်တစ်ပေါက် ချောင်း၍ ထိုးသည်။ ရန်ကြီးအောင်က အယ်ထီးကော် လက်ကျလာချိန်တွင် ထောက်လက်သီးကို ဘယ်ရော

အထူးငါးချီ အမျိုးသမီးစိန်ခေါ်ပွဲတွင် သံရိုင်းမ(မြန်မာပြည်သား) နှင့် စုလှိုင်ဦး(ပက်မစိန်)တို့ ဤသို့ အတုံ့အပြန် အကန်အကျောက် ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသည်။ (မြန်မာ့အလင်း)

ပရိသတ်အကြိုက်တွေ့

ပရိသတ် အထူးအကြိုက်တွေ့ခဲ့သော ပွဲစဉ်မှာ ရွှေခါးပတ်ချန်ပီယံ စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့်ပြည်နယ်နှင့် တိုင်း ရွှေတံဆိပ်ဆုရသိုးကောင်း (မြန်မာပြည်သား)တို့၏ ငါးချီ စိန်ခေါ်ပွဲ ဖြစ်သည်။ သိုးကောင်းက လက်သီးကို အားပြုပြီး စစ်သွေးက ခြေထောက်ကို အားထား၍ ယှဉ်ပြိုင်သည်။ တစ်ချီထက်တစ်ချီပွဲရှိန်မြင့်လာသကဲ့သို့ ပရိသတ်များက သဘောကျ၍ ဆုတော်ငွေများ တဖွဲဖွဲ ချီးမြှင့်ခဲ့ရာ ထိုးသတ်ကြေးနီးပါး ရသွားကြသည်။ စစ်သွေးနှင့် သိုးကောင်းတို့ ငါးချီပြီးဆုံးသည်အထိ အရှုံးအနိုင်မပေါ်၍ သရေနှင့်ပွဲသိမ်းခဲ့သော်လည်း ရိုးရာ လက်ဝှေ့ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ကြောင်း သတင်းမြင်ကွင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ (၆) မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)၌ လက်ဝှေ့ဝါသနာရှင်များ ဤသို့ အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၆၅လမ်း အမှတ် ၂၀ နေ ဦးမျိုးအောင်-ဒေါ်ခင်မြင့်မြင့်စိန် မိသားစုက ငါးထပ်ကြီးဆုတောင်းပြည့်စေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေ ကျပ်တစ်သိန်းကို ငါးထပ်ကြီး ဂေါပကအဖွဲ့သို့ လှူဒါန်းစဉ်။ (က-ပ)

(၄)ကြိမ်မြောက်အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ ရန်ပုံငွေဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားရန်ပုံငွေဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၈ရက်(အင်္ဂါနေ့)တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

အဆိုပါ မသန်စွမ်းသူများ အားကစားပြိုင်ပွဲရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ စတင်ကျင်းပသည့်နေ့ မွန်းတည့် ၁၂ နာရီမှစတင်၍ ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးများ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ဟာသသရုပ်ဆောင်များ၏ ဖျော်ဖြေတင်ဆက်မှုများဖြင့် ပရိသတ်များအား ကြိုတင်ဧည့်ခံမည်ဖြစ်သည်။

ဝယ်ယူနိုင်

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင် (အမျိုးသား)ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် (အမျိုးသမီး) ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဘောလုံးပွဲဝင်ကြေးလက်မှတ်များကို အထူးတန်းပွဲကြည့်စင်အတွက် ကျပ် ၃၅၀၀နှင့် ရိုးရိုးတန်းပွဲကြည့်စင်အတွက် ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဖုန်း-၅၄၄၂၇၀၊ အောင်ဆန်းကွင်း အထူးတန်း လက်မှတ်ပေါက်၊ ယုဇနပလာဇာ စူပါပါဝါ ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၁၂၅၆၊ ၃၅လမ်း အထက် ပြည့်ဖြိုးမြတ် ဗီဒီယိုထုတ်လုပ်ရေး ဖုန်း-၃၇၈၅၈၆ နှင့် ရန်ကုန်တိုင်း မြို့နယ်ဗီဒီယိုအခြေခံ အဖွဲ့များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ အရာတော်ရေလျှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီးဆွန်ကြီး** (အပိုင်း-၃)
- ၁၃:၃၅ ၆။ စန္ဒရားလှုထွတ် အမှတ်တရတေးများ
- ၁၃:၀၅ ၇။ **ရအောင်ယူ မြဲအောင်ထိန်း** ထွန်းထွန်းဝင်း၊ ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၁၄:၂၅ ၈။ သတင်းအချက်အလက်နှင့် နည်းပညာ နယ်လှည့်ဟောပြောပွဲ (IT Caravan 2007)(ICT နည်းပညာဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်း)
- ၁၄:၃၅ ၉။ ပါဝင်နွှဲပျော် နတ်တော်လရဲ့ စာအုပ်ဈေးရောင်းပွဲတော်
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday use
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ၁၇:၀၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၁၇:၃၅ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁)
- ၁၉:၄၀ ၁၃။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု (ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးမှုကဏ္ဍ)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း-၉)
- ၁၈။ အစီအစဉ်ပြီး၏

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တူးဖော်ဆောင်ရွက်သော ချောင်းဖျားကျေးရွာ လေးလက်မအလျှုရှင် စက်ရေတွင်းတူးဖော်ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၃ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးစိုးကိုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တန့်ယန်း၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

တန့်ယန်း ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်လျက်ရှိသော အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၇)ကို ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၃ရက်ကလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ၂ရက်ကလည်းကောင်း မြို့နယ်အတွင်းရှိ အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ကျင်းပကြသည်။

ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၃ရက် နံနက် ၇နာရီခွဲက မြို့နယ်ခန်းမဆောင်ကြီးရှေ့၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခိုင်ဇော်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ အသက်ငါးနှစ်အောက် ကလေးသူငယ်များကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြသည်။

တိုက်ကျွေး

ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများနှင့်ကျေးရွာများတို့တွင် တစ်ပြိုင်တည်း ကျင်းပရာ မြို့မရပ်ကွက်များဖြစ်သည့် အမှတ်(၁)မှ (၁၀)အထိ ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးနေမှုလုပ်ငန်းများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်မေငြိမ်းချမ်းနှင့် တာဝန်ရှိသူတို့က လှည့်လည်ကြည့်ရှုအားပေးကာ ပါဝင်တိုက်ကျွေးကြကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

ရေမြောင်းများ စနစ်တကျထားရှိ

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသပိတ်ကျင်းမြို့ရှိ ရေမြောင်းများ စနစ်တကျ ထားရှိမှု ရှိမရှိကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်(ချ်)မျိုးမြင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်
လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၈၂) မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်မည့် လေးထပ်ဘောဇနဆောင်အတွက် ဦးလှကြိုင်–ဒေါ်ပြုံးရီ ကမာရွတ်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးနွယ်ဝင်း–ဒေါ်ထွေးထွေး မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးရွှေလှိုင်ဝင်း–ဒေါ်ယဉ်ယဉ်သန်း ကျောက်မြောင်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးစံလှဘော်–ဒေါ်အေးနု ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်ဝင်းနုမိသားစု သာကေတမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်ထွေးနှင့် ကောင်းမွန် ကွန်ပျူတာမိသားစုများ ကျောက်တံတားမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်အေးကြည်၊ ဒေါ်ငွေငွေနှင့် တူမ မနွယ်နီသန်း စမ်းချောင်းမြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်စိုး–ဒေါ်မာလာမိသားစု ကမာရွတ်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဒေါ်ညွန့်ရီမိသားစု လသာမြို့နယ်က ငွေကျပ်တစ်သိန်းနှင့် ဦးအောင်မြင့်–ဒေါ်နုနုယဉ်က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဦးသန်းအောင်ထွန်းနှင့် ဈေးဝန်ထမ်းများ ဒွါရာဝတီဈေးကြီးအတွင်း ဆားအရောင်းဆိုင်များတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဆေးတက္ကသိုလ်(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

၁၉၆၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ပြီး ဆေးတက္ကသိုလ်(၁)မှ ဆေးပညာဘွဲ့ရခဲ့ကြသော ကျောင်းသား၊ကျောင်းသူများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ရက်(အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ယောမင်းကြီးလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲကို ယင်းနေ့ညနေ ၆ နာရီမှ ည ၉ နာရီအထိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများသည် အလှူငွေနှင့်ပစ္စည်းများကို ဒေါက်တာလှကြည် ဖုန်း–၀၁–၅၄၄၃၀၁၊ ဖုန်း–၀၁–၅၅၉၇၁၄၊ ဒေါက်တာကြည်မောင် ဖုန်း–၀၁–၆၆၁၅၈၁၊ ဖုန်း–၀၁–၆၆၀၆၁၃၊ ဒေါက်တာအေးထွန်း ဖုန်း–၂၉၀၈၆၀၊ ဖုန်း–၀၉–၅၀၀၃၇၃၀၊ ဒေါက်တာအောင်မြင့် ဖုန်း–၅၁၀၁၉၆၊ ဖုန်း–၀၉–၈၀၃၁၆၂၉၊ ဒေါက်တာမြသောင်း ဖုန်း–၀၉–၅၁၃၆၇၉၁၊ ၀၅၂–၂၃၈၀၉၊ ဒေါက်တာခင်ဦးမြင့် ဖုန်း–၀၁–၇၂၆၀၁၉၊ ဒေါက်တာမြအောင် ဖုန်း–၀၁–၆၆၁၁၈၃၊ ဖုန်း–၀၉–၅၀၁၄၉၃၁ နှင့် ဒေါက်တာစိုးမိုး ဖုန်း–၀၉–၂၁၃၂၅၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)
(ပဉ္စမအကြိမ်) ဘွဲ့နှင်းသဘင်ကြေညာချက်

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ပဉ္စမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၈–၁–၂၀၀၈ရက်တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၁၉–၁–၂၀၀၈ ရက်တွင် ဘွဲ့နှင်းသဘင်အခမ်းအနားကို အခြေခံကျန်းမာရေးတက္ကသိုလ် မကွေးမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

(က) စတုတ္ထနှစ် ကျန်းမာရေးသိပ္ပံဘွဲ့ (၁/၂၀၀၆) (နောက်ဆက်တွဲ) ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။

(ခ) စတုတ္ထနှစ် ကျန်းမာရေးသိပ္ပံဘွဲ့ (၁/၂၀၀၇) (ပုံမှန်) ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/–နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/–ကို ပေးသွင်းရမည်။ သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (တစ်လက်မခွဲXနှစ်လက်မ)အရွယ်ဓာတ်ပုံ(၃)ပုံနှင့်အတူ ၁၁–၁–၂၀၀၈ရက် နောက်ဆုံးထား၍ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက် တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) မော်ကွန်းထိန်းရုံးခန်း ဖုန်း–၀၆၃–၂၃၈၇၃၊ ကျောင်းသားရေးရာ ဖုန်း–၀၆၃–၂၃၈၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်လွှာတင်ရန် ကျန်ရှိသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်သည်။

နန့်ရင်ရင်ဝင်း၊ မော်ကွန်းထိန်း
အခြေခံကျန်းမာရေးတက္ကသိုလ်
မကွေးမြို့။

အသိပေးကြေညာခြင်း

ဦးဝေဖြိုးလင်း နိုင်ငံသားစိစစ်ရေးကတ် ၁၂/စခန(နိုင်)၀၀၁၃၉၀၊ အမှတ်–၇၁ စမ်းချောင်းလမ်း စမ်းချောင်းမြောက်ရပ်ကွက် စမ်းချောင်းမြို့နယ်နေထိုင်သူနှင့် အများသိစေရန်–

ဒေါ်လှထွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၁/ကဖန(နိုင်)၀၀၃၁၄၃ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှထွေးနှင့်(ဒေါက်တာထင်ပေါ်)တို့သည် ၁၂–၂–၉၀ ရက်တွင် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီးတစ်ဦးမျှ ထွန်းကားခဲ့ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေတွင် (မယားပါသား) မောင်စိုးသူအောင်နှင့် (ဒေါက်တာထင်ပေါ်)တွင် (လင်ပါသား) ဦးဝေဖြိုးလင်းတို့ ပါရှိခဲ့ပါသည်။

၂။ တရားဝင်ပေါင်းသင်းနေထိုင်သည့် ၁၂–၂–၉၀ ပြည့်နှစ်မှစ၍ လင်မယားနှစ်ဦးပူးပေါင်းရှာဖွေမှုဖြင့် ဖြစ်ထွန်းခဲ့သည့် အောက်ဖော်ပြပါ နှစ်ဦးပိုင် ရွှေ့ပြောင်း၊ မရွှေ့ပြောင်းနိုင်ပစ္စည်းများနှင့် စာချုပ်ဂရန်များကို ကျွန်ုပ်မိတ်ဆွေသည် နိုင်ငံရပ်ခြားသို့ ခေတ္တသွားရောက်အလုပ်လုပ်ကိုင်သည့်အချိန်၌ ခင်ပွန်းဖြစ်သူ (ဒေါက်တာထင်ပေါ်)မှ ထိန်းသိမ်းထားခဲ့ပါသည်။

၃။ (ဒေါက်တာထင်ပေါ်)မှာ ၂၂–၁၂–၂၀၀၇ရက်တွင် ဦးပဉ္စင်းနန္ဒသာရဘွဲ့အမည်ဖြင့် ဘဝနတ်ထံ ပျံလွန်သွားခဲ့ရာ အောက်ဖော်ပြပါ ပစ္စည်းများအား ဦးဝေဖြိုးလင်းမှ သိမ်းပိုက်၊ လက်ဝယ်ရယူ အသုံးပြုနေခဲ့ပါသည်။

၄။ သို့ရာတွင် ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသူမှာ ကျွန်ုပ်မိတ်ဆွေသာလျှင်ဖြစ်၍ အောက်ဖော်ပြပါ ပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေ၏အတိအလင်းသဘောတူညီမှုမရရှိဘဲ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံပေးကမ်း၊ လှူဒါန်းခြင်း၊ သက်ဆိုင်ရာဌာနများတွင် အမည်ပြောင်း လျှောက်ထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်တို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ထိုသို့ ပြုလုပ်သူတို့၏ တာဝန်သာဖြစ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

(၁) ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)လူနေရပ်ကွက် ၃၈၊မြေတိုင်းရပ်ကွက်–၃၈၊ မြေကွက်အမှတ်–၄၀၅၊ အလျားပေ ၄၀Xအနံပေ ၆၀ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်။

(၂) ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ်–၈၅၁၊ နှစ်(၆၀)ဂရန် ပေ ၄၀Xပေ ၆၀ရှိ ၀ဒသမ၀၅၆ကေရှိသော မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်။

(၃) ပဲခူးတိုင်း ပဲခူးမြို့နယ် ဥဿာမြို့သစ် အမှတ်(၉)ရပ်ကွက်၊ အမှတ်(၁၁၅၅) မြို့မြေကွက်၊ ဦးပိုင်အမှတ်(အင်န်–၁၁၁)၊ ဧရိယာ ၀ဒသမ၁၂ကေ ကျယ်ဝန်းသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်၊ (၉၅ပေXပေ၆၀)အကျယ်ရှိ မြေကွက်ဖြစ်သည်။

(၄) ယာဉ်အမှတ် ၇က/၁၈၃၆ တိုရိုတာကိုရိုလာ (VAN)အမျိုးအစား S/W (ဂျပန်ကား) ယခင်(ဖြူ–ပြာ–နီစင်း) ယခု(အဖြူရောင်)မော်တော်ယာဉ်နှင့် ယင်းယာဉ်နှင့်ပတ်သက်သော မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်အပါအဝင် စပ်ဆိုင်သောစာရွက်စာတမ်းများအားလုံး။ ။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်လေးလေးရီ
တရားရုံးချုပ်ရှေ့နေ (စဉ်–၄၁၃၄)
၉/၁၁ (ပထမထပ်)၊ အခန်း(၁၀၆) ၃၆လမ်းတို၊
အိန္ဒိယသံရုံးဘေးလမ်း ၊ ကျောက်တံတားမြို့နယ်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(၂)ဆိုင် တည်ဆောက်ရန်အတွက် နုန်းသဲဖို့ရန်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်–၂/(၂၀၀၇–၂၀၀၈)

၁။ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမည် – လှိုင်သာယာ–၃
၂။ ဖို့ရမည့်ပစ္စည်း – နုန်းသဲ/မြေကြီး
၃။ ဖို့ရမည့်အရေအတွက် – နုန်းသဲ ၆၄၂ကျင်း၊ မြေကြီး ၃၇ကျင်း
ပေးသွင်းရမည့် ဆိုင်နေရာနှင့် အရေအတွက်ကို တင်ဒါစည်းကမ်းများတွင် ဖော်ပြထားသည်။

တင်ဒါအမှတ်–၃/(၂၀၀၇–၂၀၀၈)

၁။ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမည် – တောင်ဥက္ကလာပ (Daughter Station)
၂။ ဖို့ရမည့်ပစ္စည်း – နုန်းသဲ
၃။ ဖို့ရမည့်အရေအတွက် – နုန်းသဲ ၂၆၅ ကျင်း
ပေးသွင်းရမည့် ဆိုင်နေရာနှင့် အရေအတွက်ကို တင်ဒါစည်းကမ်းများတွင် ဖော်ပြထားသည်။

(က) တင်ဒါများပေးသွင်းရမည့်နေရာ – မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ် ရုံးအဆောက်အအုံ အမှတ် (၄၄) နေပြည်တော်
(ခ) တင်ဒါများပိတ်မည့်နေ့ရက်/အချိန် – ၁၀–၁–၂၀၀၈ ရက် မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းများကို ဘဏ္ဍာရေးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရန်ကုန်နှင့် အဆောက်အအုံအမှတ်(၄၄) နေပြည်တော်တွင် တစ်စုံလျှင် (၁၀၀၀ိ/–)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို တယ်လီဖုန်းနံပါတ်–၀၆၇–၄၁၁၃၄၀၊ ၀၆၇–၄၁၁၂၀၅ တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်–

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း–၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀ဝိ/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

IELTS/Toefl
GCE
အောင်မြင်အမှတ်ကောင်းရရန်အတွက်
ဆရာဆော်လမွန်
Class teacher
☎ -564325,555614

ဒီဇယ်ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအာမခံ)
ဖုန်း-၅၄၄၆၂၄
၂၁-အနောက်မြင်းပြိုင်ကွင်းလမ်း
တာမွေမီးသွိုင်းအနီး၊ ရန်ကုန်

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး၊ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတည်းဟူသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်ငါးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဖတ်ကြားစဉ်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၇ နာရီမှ စတင်၍ နေပြည်တော်ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

အားကစားပြိုင်ပွဲများ

နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ ❐

မြန်မာ့အလင်း

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

- ❐ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု မှတ်တမ်း။ (စာ-၇)
- ❐ လွတ်လပ်ပင်စည် တည်စေမည် — တက္ကသိုလ်တင်ခ၏ ကဗျာ (စာ-၃)
- ❐ လွတ်လပ်ရေးပန်း ထာဝစဉ်လန်းစေ — ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ ကဗျာ (စာ-၉)
- ❐ ပြည်သူနဲ့ လက်တွဲပြီး လွတ်လပ်ရေးကို ကာကွယ်တာ တပ်မတော် — တင်ဝင်း(အင်းစိန်)၏ ကာတွန်း (စာ-၉)